ဝင်းဝင်းမြင့်
(ရှမ်းဝေဘာရှိ)

# ဖလကြွေပန်း

ဝတ္ထုတိုစု

## စာရေးသူ၏ အမှာ

၁၉၈၅ ခုနှစ်မှစပြီး ကျွန်မ၏ စာကလေးများကို မဂ္ဂဇင်းများမှာ ဖော်ပြခံခဲ့ရသောကြောင့် ၂၀၀၅ ခုနှစ်တွင် ကျွန်မ၏ စာသက် ၂၀ ဟုဆိုရမည်ဖြစ်ပါသည်။

နှစ်ကာလနှင့်စာလျှင် စာရေးနိုင်မှုအားနည်းပါးလှသော ကျွန်မအတွက်လုံးချင်းဝတ္ထုတိုစု စည်းမှု ၃ အုပ်မျှသာ မှတ်တမ်းပြုနိုင်ခဲ့ပါသေးသည်။

အထူးသဖြင့် ၂၀၀၅ ခုဝန်းကျင်သည်ကျွန်မ၏ စာပေဝိညာဉ် ကင်းပချိန်ဟုပြောရမလောက် ရေးနိုင်စွမ်း နည်းရပြန်ပါသည်။ ထိုအချိန်တွင်ဒေါက်တာ အောင်ကြီးနှင့် ဒေါ်ဂျူးလီထွန်း၊ ဆရာ နေ ဝင်းမြင့်နှင့် ဆရာမခင်ခင်ထူးတို့၏ ကျေးဇူးဖြင့် ပုဂံစာအုပ်ထုတ်ဝေမှုနှင့် ကြုံခဲ့ရပါသည်။

"စာမရေးတတ်တော့ရင် ဘာလုပ်ရမလဲ ဆရာ" ဟု ဆရာ(ဦး) နေဝင်းမြင့်ကို ကျွန်မမေး သောအခါ "ကိုယ်ရေးတာတွေ ကိုယ်ပြန်ဖတ်၊ သူများရေးတာလည်း ဖတ်ရတာ ပေါ့ ငါ့နှမရယ်" ဟု ဆရာက အားပေးပါသည်။ တစ်ဆက်တည်းပင် "ပုဂံအတွက် အတိုပေါင်းချုပ် မြန်မြန်လေးလုပ်ပေး။ ပြန်ဖတ်၊ ပြန်ရှာ၊ ပြန်ရွေး၊ မြန်မြန်နော် ကလေးမ" ဟုတစ်ခါတည်း အိမ်စာပေးပါသည်။

ထိုအခါ တစ်ချိန်က ရေးချင်လွန်း၍ ရေးခဲ့သည့် ကျွန်မ၏ တိကျသေချာသော စာပေမှတ် တမ်းများ စာအုပ်ဟောင်းများကို ပြန်လည်တူးဖော်ရပြီး မဖြစ်မနေလည်းဖတ်ရပါတော့သည်။ ကျွန်မ ၏ စာဝိညာဉ်သည် ကျန်းကျန်းမာမာနှင့် ပြန်လည်သက်ဝင်ခဲ့ရပါသည်။

စာပေရေးသားမှုအပေါ်တွင် အချိန်နှင့်အမျှ တန်ဖိုးထား စွဲလမ်းလျက်ရှိသော စာရေးသူတစ်ယောက်အတွက် စာမရေးဖြစ်ခဲ့ ခြင်း သည် ကြီးမားသော အနာတရဝေဒနာတစ်ခုပင်...။ အနာနှင့် ဆေးတွေ့သလို စိတ်၏ ကြည်လင်လန်းဆန်းမှုရရှိခြင်းအတွက် ဝမ်းသာပျော်ရွှင်ရပုံကို ဖော်ပြရန် မပြည့်စုံနိုင်ပါ...။

ကျွန်မ၏ စာပေကိစ္စများအတွက် ဦးဆောင်လမ်းညွှန်ပေးခဲ့ကြပါသော ဆရာသမားများ၊ အစစအရာရာ စောင့်ရှောက်ခဲ့ကြသော စာပေမောင်နှမများနှင့် ဖော်ပြပေးခဲ့ကြသော မဂ္ဂဇင်းများမှ အယ်ဒီတာများ၊ စာဖတ်ပရိသတ်များကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဂါရဝ မှတ်တမ်းတင် အပ်ပါသည်။

**ဝင်းဝင်းမြင့် (နန်းတော်ရှေ့)**

*

# သူတို့ချစ်ကြသည်

“မိဘများနှင့် သားသမီးများ”သို့ “နိယာမ” တစ်ခုအကြောင်းကို ပြောပြချင်ပါသည်။ တခြားနိုင်ငံများမှာတော့ မသိပါ။ ကျွန်မတို့မြန်မာမိသားစုများမှာ သားသမီးတိုင်းကြုံကြရသော မိဘများနှင့်သက်ဆိုင်သည့် စိုးရိမ်ထိတ်လန့်မှုတစ်ခု ခေတ်ကာလအဆက်ဆက်က ရှိနေခဲ့ပါသည်။ ထို စိုးရိမ်မှုမှာ “အဖေနှင့်အမေ မတည့်မရှု ရန်ဖြစ်မှာကို စိုးရိမ်ထိတ်လန့်ခြင်း” ပင်ဖြစ်ပါ၏ ။

“သားသမီး”ဘဝမှာ ရှင်သန်လှုပ်ရှားနေကြသူတို့ရေ....ထောက်ခံပါတယ်နော်...။

ကျွန်မ၏ အတွေ့အကြုံနှင့် သုတေသနပြုထားသော အချက်အလက်များဖြင့် ပြည့်စုံစွာတင်ပြ နိုင်ပါသည်။ ကျွန်မမှာ “သားသမီး”ဘဝမျိုးဖြင့် စိုးရိမ်ထိတ်လန့်မှုများကို ရင်ဝယ်ပိုက်ထားကြရသော မိတ်ဆွေသူငယ်ချင်းမြောက်မြားစွာရှိပါသည်။သူတို့တွေနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကိုပြန်လည် ပြောပြချင်ပါသည်။

မအိပ်ဘဲ မက်ရသော “အိမ်မက်ဆိုး”တစ်ခုကို ပြောပါဆိုလျှင်“အဖေနှင့် အမေ”၏ ရန်ပွဲဟု ကျွန်မကပြောလျှင် မိသားစုကို ခင်တွယ်တက်သော “သားသမီးများအားလုံး”ကခေါင်းညိတ် အတည်ပြုကြလိမ့်မည်ဟုလည်း ယုံကြည်ပါသည်။“ရန်ပွဲ”ဆိုသည်ကိုလည်း တုတ်ဆွဲ၊ ဓားဆွဲဧရာမ ရန်ပွဲကြီးဟုလည်း မယူဆစေလိုပါ။နှုတ်ဖြင့် တွတ်တီးတွတ်တာ ငြင်းခုံခြင်းမှအစ နင်ပဲငဆ ပြောဆို အော်ဟစ်တာမျိုး၊ ပြီးတစ်ယောက်နှင့်တစ်ယောက် မခေါ်မပြော

စိတ်ကောက်နေကြတာမျိုးပေ့ါ။ ထို ပွဲများကို သားသမီးတိုင်း ကြုံဖူးကြမှာပါ။

အသက်လေးဆယ်ကျော် အပျိုကြီးဖြစ်သော မမမြသွေးသည် မရိုးနိုင်သော ညည်းညူမှုတစ် ခုကို မမောတမ်းပြုလေ့ရှိပါသည်။

"ငါ သေချင်တယ်..၊ အဖေနဲ့ အမေပေ့ါဟယ်၊ မျက်စိနှစ်လုံးဖွင့်တာနဲ့ စကားများရော။ တစ် ယောက်က အကောင်းပြောရင် တစ်ယောက်ကအကောင်းမထင်ဖူး။ ဘာမဆို ငြင်းခုံအနိုင်လုပြီးပွစိ ပွစိနဲ့စကားများကြရော။ အသက်တွေဖြင့် ရှစ်ဆယ်ကျော်ပြီ၊ တည့်တယ်လို့မရှိပါဘူး၊ ငါဖြင့် သူတို့ ကြောင့် တစ်နေ့မှစိတ်မချမ်းသာရဘူး"။

မမမြသွေးစကားမဆုံးမီပင် ညီမနှစ်ယောက်ဖြစ်သော စိုးနှင့်သင်းတို့က လက်ခုပ်လက်ဝါး တီး၍ ထောက်ခံ၏ ။

"ဟုတ်ပ ဟုတ်ပ၊ အိမ်က အဖေနဲ့အမေဖြင့် စကားမပြောတာနှစ်နဲ့ချီပြီး ကြာနေပြီ။ အရမ်းစိတ်ဆင်းရဲတယ်ဗျာ၊ကျွန်တော်တို့တွေမှာ ကြားထဲကလူ တယ်လီဖုန်းလုပ်နေရတယ်။ အဖေ ကအမေ့ကိုပြောချင်ရင် "နင့်အမေကိုပြောလိုက်"၊ အမေက အဖေ့ကိုကျွေးချင်မွေးချင်ရင် "ရော့ ဒါ နင့်အဖေဖို့"၊ နဲ့ ဘာတွေမှန်းမသိပါဘူး။

ဆွေဦးကလည်း ရင်ထဲမှာသိမ်းထားသော သောကကို ဖွင့်ပြသည်။

"ဆွေဦးတို့အဖေကတော့ အရမ်းခေါင်းမာတယ်။ ဘယ်သူတွေဘာပဲပြောပြော သူလုပ်ချင် တာသူလုပ်တယ်။ မေမေနဲ့ဆို အော်ချည်းနေကြတာပဲ"။

ဆွေဦးတို့ဖေဖေ့အကြောင်းကတော့ ကျွန်မတို့တစ်ဖွဲ့လုံး စိုးရိမ်စွာဖြင့် မချင့်မရဲဖြစ်စွာ ခဏ ခဏ ပြောကြရမြဲဖြစ်ပါသည်။ ဆွေဦးဖေဖေ အန်ကယ်မြင့်သည် အလွန်ဂုဏ်သောခန္ဓာကြီးဖြင့်ခံ့ညား ထည်ဝါနေသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ အန်ကယ်မြင့်၏ ချစ်ဇနီး အန်တီခင်ကတော့ အလွန်ဟင်း

ချက်ကောင်းပြီး စိတ်ရှည်သူဖြစ်သည်။ အန်ကယ်မြင့်ကိုလည်း အလွန်အလိုလိုက်၏ ။ဒါပေမယ့် အန် ကယ်မြင့်က အန်တီခင်စကားကို နားထောင်လေ့မရှိပေ။ အခြားအခြားသောကိစ္စများမဆိုထားဘိ၊ ကျန်းမာရေးအတွက် စိုးရိမ်၍ တားမြစ်သော ကိစ္စများပင်နားထောင်လေ့မရှိပါ။ အထူးသဖြင့် နွေရာ သီ အလွန်ပူအိုက်သော အချိန်များတွင် အန်တီခင်နှင့် ဆွေဦးတို့ ဆွေလတ်တို့ စိတ်သောကရောက် ရ၏ ။ အလွန်ဂသော ခန္ဓာကြီးကို တစ်နေ့လျှင် ရေ "ငါးခါ"အနည်းဆုံးချိုးသောကိစ္စ။ ချွေးထွက်လျှင် ကိုယ်လက်များမှာ ဆားပေါက်မတတ် "အငန်ကြိုက်" သောကိစ္စ။ အစားအစာများမှာ "နံကင်းချို" ဟု ဆိုစမှတ်ပြုသော "နင်းကန်ချို" သည့်အစာများကို တရားလွန်စားသောကိစ္စ..။ ထိုထိုသော အကြောင်းများကြောင့် ဆွေဦး၏ ဖေဖေနှင့် မေမေတို့ စကားများကြသည်ဟု ဆိုပါသည်။

သူသူတို့ဖေဖေ"ပါပါကြီး"နှင့် မေမေ "မေမီ" ကတော့တစ်မျိုး။ မေမီက ပါပါကြီး၏ စကားကို နားမထောင်ခြင်းဖြစ်ပါသည်။ မေမီသည် အလွန်စည်းကမ်းကြီးပြီး အလုပ်ကြိုးစားလွန်းသော ဌာန ဆိုင်ရာ အမျိုးသမီး အရာရှိမကြီးဖြစ်သည်။ ပါပါကြီးကတော့ အိမ်မှုကိစ္စ၊ ချက်ပြုတ်ကြော်လှော်များ မှာ အလွန်ဝါသနာကြီးပြီး ဇနီးကို ညှာတာတတ်သူဖြစ်သည်။ရုံးမှာ ဘယ်အဆင့် ဘယ်ရာထူးဖြစ်ပါ စေ အိမ်မှာတော့ မေမီအတွက် အရာရာ အဆင်သင့်ရှိစေသူဖြစ်ပါသည်။ ပါပါကြီးက မေမီကိုအရိပ် တကြည့်ကြည့် ဂရုစိုက်နေသူဆိုတော့ အချိန်မှန်စား၊ အချိန်မှန်အိပ် မပြုလျှင် ပွစိပွစိပြော၍ မပြီး။ မေမီကလည်း အလုပ်..၊ အလုပ်...၊ အလုပ်။ အလုပ်သာ အစဉ်အမြဲက၊ ထမင်းစားချိန် မမှန်တဲ့အထိ အလုပ်တာဝန်ကျေလှသော မေမီကို ပါပါကြီးက "မင်း ရောဂါရမယ်၊ နေမကောင်းရင် ကိုယ်သာခံရ မှာ၊ ဘယ်သူမှ လာကူမခံဘူး၊နောက်ဆုံးသေတောင် လွှမ်းဆွတ်သတိရခြင်းအပြင် မင်းဘာပိုရမှာလဲ အဲဒီ လိုမျိုးတွေ ကရုဏာဒေါသဖြစ်လျှင် မေမီကလည်း အပြောကြမ်းရပ့်မလားဆိုပြီး သည်းမခံ။ သူ

သူသာ စိတ်ညစ်ရသတဲ့။

မိဘများ မတည့်မရှုဖြစ်လျှင် သမီးမိန်းကလေးများသာမက သားယောကျာ်းလေးများလည်း လိုက်လှဲစွာ ခံစားရမြဲ ဖြစ်ပါသည်။ကျွန်မ၏ မောင်ငယ်များဖြစ်ကြသော ဗညားနှင့်သီဟတို့သည် သူ တို့၏ ဖေဖေနှင့် မေမေ မကြည်မသာဖြစ်လျှင် အိမ်ရိပ်ပင်မနင်းရဲ။ လူကြီးများ၏ အရိပ်အကဲကိုလည်း မကြည့်ဘဲမနေနိုင်။ ခေါင်းကုတ်၊ ခေါင်းယမ်းနှင့်အနေကြပ်ရသည်။

ဘကြီးကြံနှင့် ကြီးဒေါ်တူးတို့၏ အပြစ်ကတော့ “ကိုစံပနှင့် မမယ်ခ”လိုပင်။ ဘကြီးကြံသည် လူမှုရေးကိစ္စ ကူညီဆောင်ရွက်ရန် အလွန်ဝါသနာကြီးပြီး အရာအားလုံးကို ဆောင်ရွက်တတ် သည်ဟုဆိုစမှတ်ပြုရလောက်အောင်ပင် အဌာရသ ဆယ့်ရှစ်ပါးကိုကျွမ်းကျင်သူဖြစ်သည်။ အရာရာ ကို စိတ်ရှည်သည်းခံတတ်ပြီး ပြည့်ဂလွန်း သူလည်းဖြစ်သည်။ ကြီးဒေါ်တူးကတော့ ဘကြီးကြံ နှင့်ပြောင်းပြန်။ အနေတည်၏ ။ စည်းကမ်းကြီးပြီး စိတ်တိုလွယ်သည်။

“ဒီမှာ ဦးထွန်းကြံ..” ဟုအော်လိုက်လျှင် ဘကြီးကြံမှာ ဘာမှဆက်မလုပ်ရဲတော့ပေ။ ကြီးဒေါ် တူးတို့က အဲဒီ လောက်ပိုင်သည်။ဘကြီးကြံက ကြီးဒေါ်တူးကိုပြန်အော်လျှင် ကြီးဒေါ်တူး စိတ်ဆိုးဂမ်း နည်းလို့မဆုံး။ ဒါပေမယ့် တစ်နေ့လျှင် ဆယ်ခါထက်မနည်း အော်ကြသည်ဟုဆိုပါသည်။

စုစုနှင့်ယုယုတို့ ဖေဖေ ဦးဦးချွန်နှင့် အန်တီလေးတို့ကတော့ ဘကြီးကြံတို့နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ဦးဦးချွန်က အလုပ်အလွန်များသူလည်းဖြစ်သည်။ စိတ်ကလည်းမြန်မြန်၊ ဒေါသကလည်း ကြီးကြီး။ အန်တီလေးကတော့ အေးအေးဆေးဆေး၊ သိမ်သိမ်မွေ့မွေ့၊ နူးနူးညံ့ညံ့၊ ဦးဦးချွန်အော်လျှင် အန်တီလေးက ဖျောင်းဖျသည်။

ကျွန်မ၏ တူလေး ပေါက်ပေါက်နှင့် တူမလေး လဲ့လဲ့တို့အဖေ ကျွန်မ၏

အစ်ကို ကိုကိုမြဇင်နှင့် ယောက်မ မမချိုကတော့ ရန်ဖြစ်ပြန်ချစ် ဖြစ်၏။
တစ်နာရီအတွင်းမှာ အခါပေါင်းများစွာ အငြင်းခုံဖြစ် သည်။ချက်ချင်း
ပြန်တည့်သည်။ တစ်ယောက်ကို တစ်ယောက်အမြဲ အနိုင်ထက်ပြောလေ့ရှိကြသ ဖြင့်
ပေါက်ပေါက်နဲ့ လဲ့လဲ့တို့က စိတ်ညစ်ပါတယ်ဟု ခဏခဏညည်းသည်။

မေသွယ်ခိုင်၏ ဘိုးဘိုးလွင်နှင့်ဘွားဘွားမာတို့အကြောင်းကလည်း
မှတ်တမ်းမတင်လျှင် မဖြစ်ပြန်ပါ။ ဘိုးဘိုးလွင်က
ဘွားဘွားမာထက်အသက်အများကြီးကြီးသည်။ဘွားဘွားမာငယ်စဉ်က
ဘိုးဘိုးလွင်သည် ကလေးတစ်ယောက်လို အလိုလိုက်သလို အလိုလိုက်
အကြိုက်ဆောင်ခဲ့ပါသတဲ့။ ခု အသက်တွေ ရှစ်ဆယ်ကျော်တော့ ဘွားဘွားမာ၏
နွဲ့ဆိုးဆိုးအနိုင်ယူမှုများကို ဘိုးဘိုးလွင်ကသီးမ ခံနိုင်တော့ပါ။ ဘိုးဘိုးလွင်မှာ
သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများရှိနေသောအခါ ဘွားဘွားမာက
စိုးရိမ်လှသည်။ ဟိုမသွားနဲ့၊ ဒီမလာပါနဲ့၊ မတည့်တာတွေ မစားပါနဲ့ဆိုတော့ ရန်တွေ
တကျက်ကျက် ဖြစ်ကြရောတဲ့။

သူများမိဘတွေ၏ တကျက်ကျက်ကို ပြောပြီးနောက် ဖေဖေနှင့်မေမေ၏
တကျက်ကျက်ကို လည်း မပြောလျှင်မဖြစ်နိုင်ပါ။ ဖေဖေသည် ဌာနတစ်ခုမှာ
အငြိမ်းစားယူထားသော အရာရှိကြီးဖြစ်ပါ သည်။ အထူးသဖြင့်
“ဟောက်ဆာဂျင်”ဘွဲ့ရအရာရှိကြီးပေါ့။ဖေဖေကို သူတပည့်တွေ အလွန်
ကြောက်ကြပါတယ်။

ဘာကြောင့်ကြောက်မှန်း ကျွန်မတို့ မသိခဲ့ကြပါ။ အလုပ်ထဲမှာနေစဉ်
ကျွန်မတို့ ရှိနေသောနယ်စပ်တောစခန်းလေးမှာ လေမုန်တိုင်းတွေကျတော့
ဌာနတစ်ခုလုံးပြားပြားဝပ်မျှ ပြိုကျ ပျက်စီးသွားသည်။ ကျွန်မတို့နေသော
နေရာကတော့လေကွယ်ရာလည်းဖြစ်၊ အဆောက်အဦးက
လည်းအုတ်နှင့်တည်ဆောက်ထားတာဆိုတော့ မပြိုခဲ့ပါ။ထို့ကြောင့် ဖေဖေ့ရုံးခန်းကို
ကျွန်မတို့အိမ် မှာ ယာယီစခန်းဖွင့်ထားပါသည်။ တစ်နေ့တစ်နေ့

အိမ်ရှေ့ဧည့်ခန်းထဲမှာ ဖေဖေ့ဟောက်သံကို နာခံ ရင်း ကျွန်မတို့ပင် ကျောချမ်းလာခဲ့ပါသည်။ မေမေကလည်း အိမ်၏ “ဟောက်ဆာဂျင်”ပါပဲ။ စားတာ သောက်တာ၊ သွားတာလာတာ၊ ပြုမူပြောဆိုတာ စည်းစနစ်မကျလျှင်ဆူတတ်ဟောက်တတ်သူပါ၊ ဖေဖေသည် သူ့ဌာနမှာ “ဗိုလ်”ဖြစ်သကဲ့သို့ မေမေကလည်းအိမ်မှာတော့“သခင်”ဖြစ်သည်။ ဖေဖေ အငြိမ်းစားယူပြီးနောက် နေ့စဉ်နှင့်အမျှ“ဗိုလ်”နှင့်“သခင်”တို့၏ “ဆရာလုပ်ပွဲမှာ” ကျွန်မတို့ ညီအစ်မ များစိတ်သောကရောက်ရပါသည်။

နောက်ပြီး ဖေဖေနှင့်မေမေက အရှေ့နှင့်အနောက်ကို ကိုယ်စားပြုပါသည်။ အဖြူနှင့် အမည်းလိုပါပဲ။ ဖေဖေက ပိန်ပိန်ရှည်ရှည်၊ မေမေက ပုပုဂုဂု၊ ဖေဖေကအအေးဒဏ်မခံနိုင်၊ မေမေက အအေးကြိုက်သည်။ ဖေဖေကအစပ်လုံးဝမစားနိုင်၊ မေမေကအစပ်ကြိုက်။ဖေဖေကလမ်းများများ၊ မေမေကအိမ်တွင်းပုန်း၊ ဖေဖေကအပျော်အပါးကြိုက်၊မေမေက ဆိတ်ဆိတ်ငြိမ်ငြိမ်ကြိုက်၊ အဲဒီ လို ဆန့်ကျင်ဘက်များနှင့်ဖွဲ့စည်းထားသူများဖြစ်ပါသည်။ အသွင်သဏ္ဍာန်များမတူညီကြသကဲ့သို့ ခံယူ ချက် ခြင်းကလည်း ခြားနားပါသည်။ ဘာသာရေးကအစပေါ့။ ဖေဖေကတရားထိုင်၊တရားစခန်း ဝင်တတ် ပြီး မေမေကတော့ အချိန်ရှိသရွေ့ ပုတီးထိုင်စိတ်နေသူဖြစ်ပါသည်။

အရာရာမှာ မတူညီနိုင်ကြပြီဆိုကတည်းက ဘာတကျက်ကျက်ဖြစ်သလဲမေးရန်ပင် မလိုပါ။ ဖေဖေနှင့်မေမေ၏ တကျက်ကျက်တွင်“မခေါ်”ခြင်းကလည်းအစစ်ပါသေးသည်။ ဖေဖေနှင့်မေမေ စကားမပြောလျှင် ကျွန်မတို့ ညီအစ်မများ မနေတတ် မထိုင်တတ် စိတ်ညစ်ကြရပါတော့သည်။ဘယ် လိုအခါမျိုးမှာ ပြန်ခေါ်သလဲ။ ကျွန်မတို့စဉ်းစားကြရ၏ ။ အိမ်မှာ ဧည့်သည်လာလျှင်၊ ထူးထူးဆန်း ဆန်း အဖြစ်ပျက်နှင့်ကြုံလျှင်၊ အိမ်သားတစ်ယောက်ယောက် နေမကောင်းလျှင်

ပြန်ခေါ်ဖြစ်ကြ သည်။ ထို့ကြောင့် ဖေဖေနှင့်မေမေ စိတ်ကောက်ပြီဆိုလျှင် ကျွန်မတို့မှာ ဧည့်သည်မျှော်ရတာ .. အမော။ ဧည့်သည်ကလည်း အစဉ်သဖြင့် လာနေတာမဟုတ်၊ တစ်ခါတစ်လေ ဧည့်သည် ရှေ့မှာ ခေါ် ပြီး ဧည့်သည်ပြန်လျှင် မခေါ်ပြန်ရော။

ထိုအခါ စိတ်ညစ်ကြရပြန်သည်။ ကျွန်မတို့ သားသမီးတွေ ဘက်ကလည်း နည်းမျိုးစုံနှင့်အဆင်ပြေအောင် ကြိုးစားခဲ့ဖူးပါသည်။ ဧည့်သည်များ မလာ၍ ဖေဖေနှင့် မေမေ စိတ်ကောက်မပြေကြသေးလျှင် တစ်ယောက်ယောက်ကနေမကောင်းချင်ယောင် ဆောင်ရသည်။ လူကြီးတွေက နေမကောင်းအယောင်ဆောင်မှန်း သိမှာလည်းစိုး၊ တော်တော်လေး ကျော်လွှားခဲ့ရသည့် အခက်အခဲများပါ။ အထူးသဖြင့် ကျွန်မက နေမကောင်းဖြစ်လွယ်တော့ ဖေဖေ နှင့်မေမေ စိတ်ကောက်ကြလျှင် ကျွန်မမှာရေကိုစိမ်ပြီးချိုးရ၏ ။ အအေးမိလွယ်ပြီး ဖျားလွယ်သော ကျွန်မအတွက် မူယာမာယာများရန် ဝေဒနာကိုလည်း ပူးတွဲခံစားခဲ့ရပါသေးသည်။

ကျွန်မကို ဆရာဝန်ပြရန်၊ ဆေးတိုက်ရန်၊ ညစောင့်ကြည့်ရန် အလုပ်ရှုပ်ရင်း အဆင်ပြေသွားကြတော့သည်။ ထို အခါမှာ ဆေးထိုးခံရသော ဒဏ်ရာ၊ ဆေးခါးကြီးသောက်ရသော ဒုက္ခကြားမှ ကျွန်မပျော်နေမိပါသည်

ကျွန်မ၏ ဖေဖေနှင့် မေမေသည် သားသမီးများကို လွတ်လပ်စွာ ပြောဆိုခွင့်၊ ဝေဖန်ခွင့်ပေးသောမိဘများဖြစ်ပါသည်။ ထို့ကြောင့် ဖေဖေနှင့်မေမေ ကြည်သည ပျော်ရွှင်နေသော အချိန်အခါများမှာ မေးခွန်းများမေးခဲ့ဖူးပါသည်။

“ဖေတို့မေ တို့ ငယ်ငယ်တုန်းက မိဘတွေရန်ဖြစ်ရင် စိတ်မညစ်ဖူးလား၊”ဆိုတော့ ဖေက “လျှောက်လည်နေတာ ရန်ဖြစ်မှန်း၊ မဖြစ်မှန်းတောင် မသိဘူး” ဟုဖြေ၍ မေကတော့ “ဘာတွေလာ မေးနေတာလဲ ဒါလောက်ကြာမှ မှတ်မိပါဦးမလားတဲ့”။ ကျွန်မသည် ထိုမေးခွန်းဖြင့်ရလာသော အဖြေပေါ်မှာမူတည်ပြီး ဖေတို့ မေတို့ တည့်တည့်ရှုရှုနေရန် တရားဟောဖို့

စီစဉ်ထား၏ ။ ဒါပေမယ့် ကျွန်မသည် ဖြေသော အဖြေများကိုကြားပြီး ဘာမှ ဆက်မပြောဖြစ်ပါ။

ကျွန်မအသက်အနည်းငယ်ရလာပြီး မိဘများက လူကြီးအရာထားလာသောအခါ မေးခွန်း တစ်မျိုးကိုပြောင်းပြီးမေးခဲ့ပြန်သည်။

"ဖေတို့ မေတို့ ကလည်း ကိုယ့်ဟာကိုယ် ချစ်လို့ယူခဲ့ကြပြီး တစ်ယောက်အကြောင်းတစ် ယောက်သိနေပြီပဲ။ နားလည်းမှုလေး ဘာလေးနဲ့ တစ်ဖက်ဖက်က မလျှော့ချင်ဖူးလား"ဆိုတော့..

"အိုး...ဟိုတုန်းက ဒီအချိုးမျိုးမဟုတ်လို့ယူတာပေါ့၊ ဒီလိုမှန်းသိရင် ဝေးသေး"တဲ့။ ထိုအဖြစ်မျိုးကို ဖေဖေနှင့် မေမေထံမှသာမက ကျွန်မ၏ စိတ်ညစ်ဖော်သူငယ်ချင်းများထံမှလည်း ကြားရပါသည်။ ဒီတော့ ကျွန်မတို့ စမ်းသပ်မှုတစ်ခုလုပ်ကြည့်ကြပါသည်။ မိဘများ မခေါ်မပြော ရန်ဖြစ်နေချိန်တွင် ကျွန်မတို့ သားသမီးများကလည်း ဘက်မလိုက်ဝါဒကိုကျင့်သုံးပြီး လူ တယ်လီဖုန်း မလုပ်ကြရန်။

ဥပမာဆိုပါတော့ မေမေက "ရော့... ဒါက ဖေဖေ့ကိုကျွေးလိုက်" ဆိုလျှင် မသိချင်ယောင် ဆောင်၍ မကူညီပဲနေတာမျိုး၊ ဖေဖေက "မေမေ့ကို ဒီအားဆေးသောက်၊ ဒါက ညအိမ်ခါနီး သောက်လို့ ပြောဖြစ်အောင်ပြော" ဆိုတာမျိုးကိုလည်း မပြောဘဲနေလိုက်တာမျိုး။ အဲဒီ လို ကျွန်မတို့ကတင်းမာပေးလိုက်လျှင် သူတို့ဘယ်လိုဖြစ်လာမလဲ။ စမ်းသပ်မှုမျိုးစုံ စမ်းသပ်ခဲ့ဖူးပါ သည်။ ထိုစမ်းသပ်မှုများမှာ တူညီသော အဖြေကိုလည်းရခဲ့ပါ၏ ။

ဖေဖေများသည် မေမေများကို အနိုင်အထက်ပြောခြင်းမှအပ ဝတ္တရားကျေစွာ ကျွေးမွေးဆင် သ ဂရုစိုက်တတ်ကြပါသည်။ မေမေများကလည်း ပွစိပွစိ ဂျီဂျောင် အမျိုးမျိုးပြောလျက် ချက်ပြုတ် စီမံ၊ လျှော်ဖွပ် ။ မီးပူတိုက် မလစ်ဟင်းစေရပါ။

ဒါဆို ကျွန်မတို့ စိုးရိမ်သောကများက အပိုတွေလား။ အပိုဖြင့်လုံးဝမဟုတ်ပါ။ ကျွန်မတို့သားသမီးများသည် မိဘများ၏ မျက်နှာ အရိပ်အကဲကိုကြည့်၍ အိမ်၏ ပျော်ရွှင်ချမ်းမြေ့မှုကို ခံစားရသူများဖြစ်သောကြောင့် ဖေဖေ မေမေများ၏ "တကျက်ကျက်" ရန်ပွဲများကို တထိတ်ထိတ် စိုး ရိမ်မစဲပင် ရှိကြပါသေးသည်။ လေ့လာခဲ့သမျှ မိသားစု သက်တမ်းရှည်ရှည်များကိုကြည့်၍ ကျွန်မ ပြောကြည့်ချင်ပါသည်။ ဖေဖေ မေမေတို့ တကျက်ကျက် ဖြစ်ပါစေ၊ ခွင့်ပြုလိုက်ပါ။ မစိုးရိမ်ပါနှင့်၊ သူ တို့ချစ်ကြပါသည်။

သို့သော်..... သားသမီး မိတ်ဆွေအပေါင်းတို့အား အထူးသတိပြုရန်မှာပါရစေ၊ တကျက် ကျက်ရန်ပွဲတွင် "နောက်တစ်ယောက် ကိစ္စ" မပါရန်အတွက် အထူးသတိပြုကြပါ။ ထို"နိယာမ" သည် မိသားစုကို ခင်တွယ်သော သားသမီးတို့အတွက် အရေးကြီးလှပါသည်။

**စက်တင်ဘာလ၊ ၁၉၉၇**

***

ဝေလေလေ

သစ်ရွက်တွေလည်း ကြွေစပြုခဲ့လေပြီ။ ဝါမှုန်မှုန် အုံ့ပျပျ နေရောင်အောက်မှာ အရာအားလုံး လေးတွဲ့ ပျင်းရိဖွယ်ကောင်းနေစဉ် သူတို့ သူတို့တွေသာ လှုပ်ရှားမှု ပြင်းထန်နေကြတော့သည်။“စာ မေးပွဲရာသီ” ရောက်ခဲ့ပြီကိုး။ သူတို့စိတ်ထဲမှာ “စာမေးပွဲ” ဆိုတာကြီးရှိ၍ တော့မဟုတ်။ “ကျောင်းပိတ်တော့မှာ” အသိတစ်ခုတည်းနှင့် ကျောင်းမပိတ်ခင် အချိန်လေးမှာ စာကလွဲပြီး လုပ်ချင် စရာတွေက ကုန်နိုင်ဖွယ်မရှိသောကြောင့်။ အထူးသဖြင့် “ပီတာပွကြီး”...။

“ပီတာပွကြီး” ကသူ့နာမည်အရင်းမဟုတ်ပါ။ ဆရာမကိုယ်တိုင် ပေးထားသော နာမည်ဖြစ်၏ ဘယ်သူနဲ့ ဘာဖြစ်သလဲ၊ တစ်ဖက်ကိုသာ ဘယ်သူရှာဖွေစုံစမ်းရန်လို၏ ၊ ကျန်တစ်ဖက်ကတော့ သူကိုယ်တိုင်ပင်။ အတန်းထဲမှာ စာကလွဲပြီး အကုန်စိတ်ဝင်စားသူ၊ မိဘများက ငွေကြေးတတ်နိုင်သူ၊ အကောင်ကြီးကြီး၊ စိတ်ဓာတ်ညံ့ညံ့၊ စာဖျင်းဖျင်း ဘယ်အရာမဆို အနိုင်အထက်လုရမှ၊ ရန်ပွဲပေါင်း များစွာမှာသူချည်း ဦးဆောင်လေ့ရှိတော့ နာမည်အရင်း“ပီတာပြည့်ဖြိုးထက်”ကို ဆရာမ သံယောင် လိုက်၍ “ပီတာပွကြီး” ဟုသာ ခေါ်ကြတော့သည်။သူကိုယ်တိုင်ပင် ထိုနာမည်ကို ဂုဏ်ပုဒ်တစ်ခုဟု မှတ်ထင်ခဲ့လေသည်။

“ပီတာပွကြီး” အတွက်ပျော်စရာ ရက်အနည်းငယ်ကျန်အောင်ဖန်တီးပေးခဲ့သည့် အရာများကတော့ ဂျယ်လီရေခဲထုပ်၊ သကြားလုံးများနှင့် ဒမ်ဘိုကိတ်မုန့်ဘူးငယ်များပင်ဖြစ်လေ သည်။ မာမီ့ကျေးဇူးလည်းမကင်းပေ၊ ထိုနေ့များ မတိုင်မီ တစ်ညနေက

"သား.. ဒီနှစ်တစ်နှစ် စာမေးပွဲအောင်မှာလား"

ဟု မာမီကမေးတော့...

"သိဘူး"

ဟုချက်ချင်းဖြေပြီး သွားပိုးစားများနှင့် မာမီ့ကို ရယ်ပြလိုက်သည်။ မာမီက ပီတာပွကြီး၏ သွားပိုးစားကလေးများကို ချစ်သည်။

"ဖိုးသွားကျိုးလေးရဲ့၊ ဒီနှစ်ကျရင် သန့်စင်ဦးက သားထက်သာသွားမယ်"

"သန့်စင်ဦး ကို လက်သီးနဲ့ ထိုးပစ်ချင်တယ်"

"ဟဲ့သား ၊ ဘယ်လိုပြောလိုက်တာလဲ၊ သား စာကျက်ရင် သူ့ထက် သာသွားမှာပေါ့"

"ဟင့် အင်း"

ထုံးစံအတိုင်း မာမီ့ကို ကပ်ချွဲပြီး စာမကျက်ရအောင် စကားတွေလျှောက်ပြောပစ်လိုက်သည် မာမီကတော့

"သုံးတန်းဆိုတာ မငယ်တော့ဘူး"

ဆိုတဲ့စကားတွေ။

"သားကလူကောင် အရမ်းထွားတာ"

ပြောမဆုံးနိုင်အောင် တွတ်တွတ်ထိုးလျက် နောက်နှစ်ရက်လောက်နေသောအခါကျောင်းမှာ "ပီတာပြည့်စုံဖြိုးထက်"၏ မွေးနေ့ပွဲကျင်းပရန် စီစဉ်တော့သည်။

အတန်းသားများအားလုံးကို အိမ်မှာ အထူးပြုလုပ်ထားသော ဂျယ်လီရေခဲထုပ်၊ သကြားလုံး များကို ကြွပ်ကြွပ်အိတ်ထဲမှာထည့်၊ တစ်ခါစားကိတ်မုန့်တုံးကြီးကြီးများကို မုန့်ဘူးငယ်များဖြင့် စပယ် ရှယ်ထည့်ပြီး

ဝေငှသည်။ မူလတန်းကျောင်းကလေးဆိုတော့ ထိုအစီအစဉ်များက ချက်ချင်းသတင်း ကြီးသွားခဲ့လေသည်။ မာမီ့အစီအစဉ်ထဲမှာ ကျေးဇူးကြီးမားသော ဆရာများကိုအဝတ်စများ၊ ကိတ်မုန့်များဖြင့် ကန်တော့ခြင်းများပါဝင်၏ ။ အတန်းပိုင်ဆရာမသာမက တစ်ကျောင်းလုံးမှာရှိသော ဆရာမအားလုံးကို ကန်တော့ခြင်းဖြစ်သည်။ ဆရာမများက ပြုံးပြုံးပြုံးပြုံးဖြင့် ဆုပေးတာတွေ၊ သူငယ်ချင်းတွေက အားကျသော မျက်လုံးများနှင့် ငေးကြည့်ခံရတာ တွေကို "ပီတာပွကြီး" က မမေ့ နိုင်အောင် ပျော်ခဲ့၏ ။ နောက်တစ်နေ့မှာတော့ ထိုထက်ပို၍ ပျော်စရာကောင်းနေကြောင်း သိခဲ့ရလေ ၏ ။

ကျောင်းမတက်ခင် ဘောလုံးကန်သောအချိန်မှာ နောက်တန်းကထိုင်ပြီး ကောင်မလေးတွေ ကို စလေ့ရှိသော ဗိုက်စူတို့၊ ပုတုတို့နှင့် စကားဝိုင်း ဖွဲ့ဖြစ်သွားသည်။

"ဟေ့ကောင်တွေ၊ ငါတို့ သန့်စင်ဦးကို ဝိုင်းချရအောင်"

"ဆရာမ သိရင် ရိုက်လိမ့်မယ်"

"မသိအောင် လုပ်မှာပေါ့ကွ"

"သူတိုင်ရင် သိမှာပေ့ါ"

ဒီလိုနဲ့လမ်းစပျောက်သွားသည်။ "သန့်စင်ဦး" က ပီတာပွကြီးတို့အတန်းမှာ အတန်းခေါင်း ဆောင်ဖြစ်သည်။ အတန်းထဲမှာ "စာတော်တယ်" ဟု နာမည်ကြီးပြီး "လိမ္မာတယ်" ဟုလည်းခဏ ခဏချီးကျူးခံရသောကြောင့် "ထောင်ထောင် ထောင်ထောင်လုပ်နေတာ"ဟုမျက်မှေးကပြောသည်။ စစဦးချင်း ပီတာပွကြီးတို့လေးယောက်သာ သန့်စင်ဦးကိုအမုန်းကြီးမုန်းနေကြသည်၊ ကျန်ကျောင်း သားများက သန့်စင်ဦးမှ သန့်စင်ဦးဖြစ်နေကြသည်။ ဆရာမများကလည်း သန့်စင်ဦး၊ ကောင်မလေး တွေလည်း သန့်စင်ဦး....။

ပီတာပွကြီး မုန့်ကျွေးပြီးနောက် တစ်နေ့မှာတော့ ဗိုက်စူက
သတင်းကောင်းပေး၏ ။

“ဟော့ကောင် ပီတာ၊ မင်း အရှည်ကြီးတို့၊ တုန်ချမ်းတို့ကိုပြောကြည့်၊ ဟိုတစ်နေ့က အသင်း အလှည့်မှာ ရေမခပ်လို့ သန့်စင်ဦးက သူတို့ကိုပြောတာ သူတို့လည်း သန့်စင်ဦးကိုချဉ်နေတယ်” ဆို တော့ မျက်မှေးကလည်း

“အေး ဟုတ်တယ်၊ မင်းပြောရင် ရမှာ။ ဟိုကောင်တွေက မင်းပေးတဲ့ ဂျယ်လီရေခဲထုပ် အရမ်းကောင်းတာလို့တောင် ပြောနေသေးတယ်။”

ထိုနေ့ နေ့လယ် အိမ်ပြန်တော့ မာမီက ညစာစားပြီးစားရန်လုပ်ထားသော ရေခဲသေတ္တာထဲမှ ချောကလက်ရေခဲထုပ်များ၊ နို့ရေခဲထုပ်များကို ကြွပ်ကြွပ်အိတ်ကြီးနှင့်ထည့်၍ ယူလာခဲ့၏ ။ အရှည်ကြီးတို့အဖွဲ့ကိုရော၊မျက်မှေးတို့အဖွဲ့ကိုရော ဝေငှပေးလိုက်သည်။ ကောင်မလေးသုံး လေး ယောက်လောက်လည်း အနားမှာရှိနေ၍ ပေးပစ်လိုက်သည်။ နောက်တစ်နေ့မှာ အရှည်ကြီးတို့အဖွဲ့ က သန့်စင်ဦးကို ရန်စသည်။ သန့်စင်ဦးက ဘာမှပြန်မလုပ်ပေ၊ သန့်စင်ဦးသည်ကျောင်းနှင့်သိပ်မ ဝေးသော သူ့အိမ်ကို ကျောင်းဆင်းသည်နှင့် ရောက်အောင်ပြန်တော့ ကျောင်းဆင်းချိန်မှာရန်ပြုလို့ မရ။

ပီတာပွကြီးသည် ဗိုက်စူတို့၊ မျက်မှေးတို့ကို အကြံတောင်းပြန်သည်။

“ကျောင်းပိတ်တော့မှာ ဟာ မြန်မြန်စဉ်းစား”

ဟုလည်းမီးထိုးပေး၏ ။

ကလိမ်ကကျစ်ကြသော မိကြောင်က....

“နင်တို့လည်း သူ့စာအုပ်တွေခိုးပြီး ဖျောက်ပစ်လိုက်ရင် သူ ဘယ်စာကျက်လို့ရတော့မလဲ”

ဟုအကြံပေးသည်။

“ဘယ်သူခိုးပေးမလဲ”

ဆိုတော့ တုတ်တုတ်မှ မလှုပ်ကြပေ။ ပုတုကတော့ ဘာမှနားမလည်သောမျက်လုံးများနှင့် ကြည့်ကာ အထူးအဆန်းလုပ်၍ ….။

“နင်တို့ကလည်း ဘာဖြစ်လို့ သန့်စင်ဦးကို ဒါလောက်မုန်းနေကြတာလဲ”

ဟုမေးသည်။ ဘယ်သူမှ မဖြေနိုင်ကြပေ။

“စွာတေးမ”ကတော့ ပြောသံကြားရုံမျှဖြင့် ဒေါသတွေဖြစ်ကာ သန့်စင်ဦးဘက်မှ ရန်ထောင် တော့သည်။

“သန့်စင်ဦးက နင်တို့ကိုဘာလုပ်နေလို့လဲ။ သူ့ဟာသူ စာကြိုးစားတယ်။ အတန်းအတွက် ရေခပ်တယ်။ ခုံတွေ သန့်ရှင်းတယ်။ ဆရာ၊ ဆရာမတွေခိုင်းတာ လုပ်တယ်။ ဒါကို နင်တို့က ဘာမုန်း စရာရှိလို့လဲ”။

စွာတေးမကိုတော့ မည်သူမှ ပြန်မပြောကြပေ။ စွာတေးမပြောတာမှန်နေတော့လည်း ဘာမှ ပြန်ပြော၍ မရ၊ ဒါပေမယ့် သန့်စင်ဦးကိုတော့ အမုန်းဒီဂရီ ပို၍ တိုးလာသည်။

စာမေးပွဲဖြေရန်ရက်လည်း အလွန်နီးကပ်လာခဲ့ပြီ။ ဆရာမတိုင်းလိုလို တုတ်ကိုယ်စီနှင့် အတန်းဝင်ကြ၏ ။ အချိန်တိုင်းစာကျက် စာပြန်ချည်းလုပ်နေရသောအခါ ပီတာပွကြီးကျောင်းတက် ချင်သည့်စိတ်မှာ လုံးဝနီးပါး ကုန်ခန်းသွားတော့သည်။ ဒက်ဒီကိုသာ မကြောက်ရဘူးဆိုလျှင် ကျောင်းတက်တော့မည်မဟုတ်ပေ။ ကျောင်းမတက်ချင်၍ နေမကောင်းချင်ယောင်ဆောင်ရအောင် လည်း မာမီကဆရာဝန်မကြီးဖြစ်နေပြန်သည်။ စာတွေကလည်းကျက်လို့မရ။ စာမရ၍ ဆရာမရိုက်တာခံရသည်ထားဦး၊ ဘာမှမဖြစ်ပေ။ ခဏနေတော့ မနာလျှင်ပြီးရော၊ အဆိုးဆုံးက စာ တော်သော ကျောင်းသားများထံမှာ စာများကိုပြန်ဆိုကြရခြင်းဖြစ်သည်။ ယောကျာ်းလေးတွေက စာတော်သော

သန့်စင်ဦးတို့၊ ကျော်စွာတို့၊ မိုးဖြူတို့ဆီမှာ အလွန်ဆိုကြရပြီး မိန်းကလေးများကတော့ သိင်္ဂီထွန်းတို့၊ အိအိဟန်တို့၊ ဝေမာတို့ဆီမှာ စာပြန်ဆိုရသည်။ ထိုအခါ ပီတာပွကြီးစိတ်တိုသည်။

“ဆရာမကလည်းကွာ ငါတို့ကောင်တွေကိုသက်သက်ချွတ်တာ”

ဟုပြောပြီး စာကျက်လေ့မရှိသော ဗိုက်စူတို့၊ မျက်မှေးတို့နှင့်အတင်းပြောသည်၊ မိကြောင်က လည်း စာတော်သော ဝေမာကို အလိုလိုနေရင်း မုန်းနေသည်။

“ဟဲ့ ပီတာ၊ နင်တို့ကို ဖူကူအိုကာသွားဖို့ ပဏာမရွေးတော့ နင်က အင်္ဂလိပ်လိုပြောတာ အကောင်းဆုံးဆို”

မိကြောင်က အစဖော်ပေးသောအခါ ပီတာပွကြီး၏ ဒေါသသည် အထွတ်အထိပ်သို့ ရောက် သွားသည်။

ရှန်ကာပန်းချီဆိုလည်းသန့်စင်ဦး၊ စာစီစာကုံးပြိုင်ပွဲဆိုလည်း သန့်စင်ဦး၊ အတန်းထဲမှာ ပထမဆိုလည်း သန့်စင်ဦး။ တစ်ဦးတည်းဦးနေခြင်းကို မာမီတို့လည်း သိကြသည်။ မာမီက သန့်စင်ဦးကို နိုင်အောင် ပြိုင်ဖို့ ခဏခဏအားပေးသည်။ ဘယ်လိုနည်းနဲ့ပြိုင်ပြိုင်စာကျက်ပျင်းသော ပီတာပွကြီးက မနိုင်မှန်း သိ၏ ။ ဂျပန်နိုင်ငံသို့ လေ့လာရေးအစီအစဉ်မှာ ပါဝင်ရန် သွက်လက်ထက် မြက်သူများကို ရွေးတော့ ပီတာပွကြီးလည်းပါသွားခဲ့သည်။ ပီတာပွကြီးက အိမ်မှာလည်း အင်္ဂလိပ် စကားတွေ ဘာတွေ ပြောဖူးပြောစရှိပြီး မာမီတို့ကလည်းကူညီနိုင်သောကြောင့် ဆရာမများက ပဏာမလျာထားသောအခါ ပီတာပွကြီးကို ထည့်ခဲ့ခြင်းဖြစ်သည်။ ဒါပေမယ့် သန့်စင်ဦးကို မကျော် လွှားနိုင်ခဲ့ပေ။

“ပီတာ၊ ငါတို့ ပိုက်ဆံစုပြီး မုန့်ဝယ်စားချင်တာ ပိုက်ဆံနည်းနေတယ်”

အရှည်ကြီး၊ တုန်ချမ်းနှင့် တခြားကောင်မလေးများကလည်း စာကျက်ပျင်းကြ၍ ပီတာပွကြီး တို့နှင့် လာပေါင်းကြသည်။ သူတို့အားလုံးထဲမှာ

မိကြောင်က အကဲဆုံး။ လူစုပြီဆိုလျှင် ဟိုဟာစားချင် သည်ဟာစားချင်၊ ပြီးတော့ အရုပ်ကားချပ်များ ဝယ်ချင်၊ ကျောင်းရှေ့မှာခဏ ခဏ လာရောင်းသော ကစားစရာများဝယ်ချင်၊ ထိုအခါများမှာပီတာပွကြီးကိုသာပူဆာလေ့ရှိသည်။ စစဦးချင်း ကျွေးမွေးပေးကမ်းရတာ တွေကို ပီတာပွကြီးက ဂရုမထားမိပေ။ ဒက်ဒီဆီကရလိုက်၊ မာမီဆီက ရလိုက်၊ နောက်ပြီး ဒက်ဒီ့တပည့်တွေက မုန့်ဖိုးပေးသွားလိုက်၊ မာမီ့လူနာတွေက မုန့်ဖိုးပေးသွား လိုက်ဆိုတော့ ပီတာပွကြီးဆီမှာ ပိုက်ဆံမုန့်ဖိုးများက အစဉ်သဖြင့်ပိုလျှံနေသည်။ နောက်ပြီး ပီတာပွကြီးကိုယ်တိုင်က အစားကြီးသည်။ သူငယ်ချင်းများကို ပေးရ ကျွေးရတာ လည်းမနှမြောတတ်ပေ။ နောက်ပိုင်းမှာတော့ ပွကြီးနားလာ၍ စားသောက်ကြသော သူငယ်ချင်းများက တိုး၍ တိုး၍ လာခဲ့ သည်။ ထိုအခါ ပီတာပွကြီးလည်း ဟိုလိုဒီလို စဉ်းစားလာမိတော့သည်။

အထူးသဖြင့် ပီတာပွကြီး၏ မွေးနေ့ပွဲအပြီး

ဂျယ်လီရေခဲထုပ်ကျွေးပြီးနောက်ပိုင်းမှာပေ့ါ။ အတန်းထဲမှာ နေ့အလိုက်အသင်းများ၊ ခွဲထားပြီးအသင်းကျသည့်နေ့မှာ တာဝန်ကျသည့်အမှိုက်လှဲ။ ရေခပ်၊ အခန်းအပြင်ဘက်မှာဖိနပ်များစီသောအလုပ်ကို ယောကျာ်းလေးများလုပ်ရ၏ ။ ပီတာပွကြီး မလုပ်ချင်ဆုံးအလုပ်ကတော့ ဖိနပ်စီရသည့်အလုပ်ဖြစ်သည်။ ပီတာပွကြီးတို့၏ တတိယတန်းများ သည် နှစ်ထပ်ကျောင်းဆောင်၏ အပေါ်ထပ်မှာ နေကြရသည်။ စာသင်ခန်း၏ ကြမ်းပြင်ကို ပြောင်နေ အောင် တိုက်ထားပြီး လူတွေကကြမ်းပြင်ပေါ်မှာထိုင်ကြရသော စာကိုတော့ စားပွဲရှည်များဖြင့် ရေးရ ၏ ။ ထို့ကြောင့် ဖိနပ်များကို အတန်းထဲသို့ သွင်းခွင့်မရပေ။ အတန်း၏ အပြင်မှာ ညီနေအောင် စီကြ ရသည်။မညီသောနေ့မှာ တာဝန်ကျသော အသင်းသားများကို ဆရာမက ဒဏ်ပေးသည်။ သူများစီး သောဖိနပ်များကို ပီတာပွကြီးက မကိုင်ချင်တော့ အသင်းထဲမှာပါသော သူငယ်ချင်းများကို စီခိုင်းပြီး မုန့်ဝယ်ကျွေးလိုက်သည်။ သန့်စင်ဦးကိုတော့ ခိုင်း၍ မရပေ။သန့်စင်ဦးက

ပီတာပွကြီးကျွေးသောမုန့် ကိုလည်း မစား၊ ပီတာပွကြီးခိုင်းသော အလုပ်ကိုလည်းမလုပ်၊ အစားမက်သော မိကြောင်တို့၊ ဗိုက်စူ တို့၊ မျက်မှေးတို့ကိုတော့ ပီတာပွကြီးက ပိုင်ပိုင်နိုင်နိုင်ကျွေးမွေးခိုင်းစေတော့၏ ။ ဒါပေမယ့် သူတို့တွေ က ငကြောက်တွေဖြစ်၍ သန့်စင်ဦးကို ရန်လုပ်ရေးအတွက်အားမကိုးရသောကြောင့် ပီတာပွကြီး စိတ်တိုင်းမကျလှပေ။

နောက်တော့ တဖြည်းဖြည်းနှင့်အရှည်ကြီးတို့၊ တုန်ချမ်းတို့က ပီတာပွကြီးနှင့်အပေါင်းအ သင်းဖြစ်လာသည်။ စာမေးပွဲကြီးနီးလေစာကျက်ရလေ။ စာမရသူများက စာရသူများထံ စာပြန်ရတိုင်း စိတ်အမျက်သိုကြ၏ ။

"ဟော့ကောင် ရတယ်လို့ ညာပြောပေးကွာ" ပြောလည်းမရ။

"မုန့်ဝယ်ကျွေးပါ့မယ်ကွာ၊ ငါ ဒီနေ့ စာမကျက်ခဲ့လို့ပါ၊ ဆရာမကြီးကို ငါ ပြန်ပြီးပြီလို့ပြောပေးပါ ကွာ။"

လို့ချော့လည်းမရ။

"မရတာ ပြန်ကျက်ပေါ့ကွ၊ ဒါမှ မင်းတို့ ဖြေနိုင်မှာပေါ့"

ဆိုသော အသံကို သန့်စင်ဦးက ကျယ်ကျယ်လောင်လောင် ပြောသည်ဟု မိကြောင်က အတင်းပြောသည်။

တဖြည်းဖြည်းနှင့် ပီတာပွကြီးမှာ သူငယ်ချင်းတွေ များလာခဲ့သည်။ မုန့်ဖိုးတွေလည်း အကုန် အကျ များလာခဲ့၏ ။ ဒါပေမယ့် ပီတာပွကြီး ဖြစ်ချင်တာတွေဖြစ်ဖို့လည်းပို၍ ပို၍ နီးလာခဲ့၏ ။ပီတာပွ ကြီးက ကလိမ်ကကျစ်များသော နေရာမှာတော့ မိကြောင်ကို ဘုရင်မကြီးတင်ထားရသည်။ မိကြောင်ကလည်းစာမေးပွဲနီးလာလေ သန့်စင်ဦး၏ စာအုပ်များကို ခိုးယူပြီး ဆုတ်ပစ်ရန်သာ အတွင် တွင် အကြံပေးနေတော့၏ ။ မျက်မှေးကတော့တစ်မျိုး။

"သန့်စင်ဦးကို ဆရာမရိုက်အောင် တစ်နည်းနည်းနဲ့

ချောက်တွန်းရအောင်”

ဟုဆိုပြန်သည်။ အဖွဲ့တောင့်လာသောကြောင့် ပိန်ညှောင်တို့၊ ပစ်ကြီးတို့၊ ဆင်ပေါက်တို့က လည်း ဘာလုပ်လုပ်ကူညီမည်ဟုပြောသည်။

တကယ်တမ်းစဉ်းစားပြန်တော့ သန့်စင်ဦးကို ဆရာမရိုက်အောင်လုပ်ရန်ကိစ္စမှာ လွယ်ကူလှ သည်မဟုတ်။ ရန်ဖြစ်လျှင် ဘယ်သူမှန်မှန် ဘယ်သူမှားမှား နှစ်ယောက်စလုံးကို ရိုက်မည်ဟု ကြိမ်း ထား၍ ရန်ဖြစ်ရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း သန့်စင်ဦးက ကျောက်ရုပ်ဖြစ်နေပြန်သည်။ နောက်ဆုံးမှာတော့ မိကြောင်၏ အကြံဉာဏ်ဖြစ်သာ သန့်စင်ဦး၏ စာအုပ်များကို ခိုးယူဖျောက်ပစ်ရန် သာ ကြိုးစားရတော့၏ ။ ဒါမှ သူ စာမကျက်နိုင်ဘဲစာမေးပွဲကျမည်။

“မင်းက ဒီပွဲမှာ လုံးဝမပါဘဲ ငါတို့ချည်း လုပ်ရမှာဆိုတော့ ရေခဲထုပ်နဲ့ ဘယ်ရမလဲကွ။ကိတ် မုန့်ပါ ကျွေးရမယ်။”

ဟုဗိုက်စူတို့က တောင်းဆိုလာသည်။

“မင်းတို့ကောင်တွေကကွာ လောဘကြီးကြီးလာပြီ။”

“ဘာလောဘကြီးလာပြီလဲ၊ ဒါ မင်းခိုင်းလို့လုပ်ရတာ ဟေ့ကောင်။ ငါတို့ဘာသာဆိုရင် သန့်စင်ဦးနဲ့ ဘာမှမဖြစ်ဘူး၊ ဒါဖြင့် နေ ၊ ငါတို့မလုပ်ဘူး”

သူတို့လည်း ဈေးကိုင်ကြ၏ ။

မျက်မှေးကအကြံဆိုး အပေးကောင်းသူဆိုတော့ အရိုက်ခံရမည့် အရေးကိစ္စမှ ကင်းလွတ် အောင်လည်း တစ်ခါတည်းတွေးသည်။

“မင်းတို့ကောင်တွေ ဘယ်အချိန်မှာ ခိုးမှာလဲ။ တစ်ခါတည်း အပြီးပြတ်လား၊ တစ်အုပ်ချင်း လုပ်မှာလား”

“တစ်အုပ်ချင်းလုပ်ရင် ရိပ်မိသွားလိမ့်မယ်”

“ဟ တစ်ခါတည်း အပြီးလုပ်တော့ ပိုမဆိုးဘူးလား”

စကားဝိုင်းသည် စိုသည်ထက်စိုလာသည်။ အဖွဲ့ကလည်း တောင့်သည်ထက်တောင့်လာ သည်။ ပိုက်ဆံကလည်းကုန်သည်ထက်ပို၍ ကုန်လာသည်။ ဒါပေမယ့် ထိုအလုပ်ကို လုပ်ဖြစ်အောင် လုပ်ရန်ပီတာပွကြီးက ဆုံးဖြတ်ထား၏ ။ သူ့တစ်လျှောက်လုံးမှာ သန့်စင်ဦးကိုရှုံးခဲ့ရပေါင်းများပြီ။ သန့်စင်ဦးတို့အမေက မာမီနှင့်အတူတူ အလုပ်လုပ်သော သူနာပြုဆရာမဖြစ်သည်။ မာမီကလည်း သန့် စင်ဦးကို နိုင်စေချင်မှာပေ့ါ။ မာမီကခဏ ခဏပြောသည်။

“သားရယ် ကြိုးစားစမ်းပါ၊ မာမီက သန့်စင်ဦးရဲ့မေမေထက် ရာထူးကြီးရင် သားကလည်း သန့်စင်ဦးထက် တော်ရမှာပေ့ါ”တဲ့။

“မာမီ ရှက်တယ်တဲ့”

ဘယ်လိုပင်ပြောသော်လည်း စာကျက်ရန် ပီတာပွကြီးမှာ အချိန်မရှိလှပါ။ အိမ်မှာ မာမီက အချိန်ပြည့်မရှိ။ ဆေးရုံ၊ ဆေးခန်းကူးနေရ၏ ။ ဒက်ဒီကလည်း သူ့ကုမ္ပဏီကိစ္စနှင့်အိမ်မကပ်။ စာကျက်ရန် စိတ်ကူးရှိသော်လည်း တီဗွီဂိမ်းကစားရတာ နှင့်ပင် အချိန်ကုန်တော့ အိမ်ဖေါ်ဒေါ်ထွေး က

“သားလေး စာကျက် ”ဆို

“အင်း အင်း”

ဟုပြောပြီး တီဗွီဂိမ်း ဆက်ကစားနေဆဲပင်။ အချိန်တန်လို့ စာမရတော့ မာမီက အိမ်မှာဟုမ်း ကျူရှင်ဆရာမခေါ်ပေးထားသည်။အစကတော့ ဆရာမကစာသင်သေး၏ ။ နောက်ပိုင်းမှာတော့ ပီတာက တီဗွီဂိမ်းကစား၊ ဆရာမက ဂဏ္ဍုဖတ်၊ ဆရာမက ပီတာကို အလွန်ချစ်လေသည်။

အစမ်းစာမေးပွဲတွေမှာ စာမေးပွဲကျတော့ မာမီက ဆူ၊ ဒက်ဒီကကြိမ်းခံရသည်။ပီတာအလိုဆို လျှင် ပညာရေးမှတ်တမ်းကို

အိမ်ကလူကြီးများသိရန်မလိုအပ်ပေ။ ဟိုကောင် သန့်စင်ဦးရှိနေသ၍ သာ။ သန့်စင်ဦးမေမေက မာမီ့ကို အကြွားပို၍ သာ စာမေးပွဲမှတ်တမ်းစာအုပ်များကိုလူကြီးတွေသိရ သည်။ အဆူခံအကြိမ်းခံရသည်။ စာတွေကိုမနိုင်မနင်းကျက်ရသည်။ သန့်စင်ဦးကို တစ်ချီတစ်ပွဲနိုင် ရန် မကြိုးစား၍ မဖြစ်။ ဒါပေမယ့် ပီတာပွကြီးအနေဖြင့် အကြံဆိုးများကို ကြံစည်ရန်မဟုတ်၊ တခြားတစ်နည်းနည်းနှင့်ပေါ့။

မာမီနှင့် အတန်းပိုင်ဆရာမတို့ကလည်း ရင်းနှီးလှသည်။ စိတ်ဆိုးစိတ်ယုတ်ဖြင့် ကြံစည်ခဲ့သ မျှကို ဆရာမသိ၍ မာမီ့အားတိုင်လျှောင် တွေးဝံ့စရာမရှိပေ။ ထို့ကြောင့် သူငယ်ချင်းများကိုသာ အား ကိုးရတော့သည်။

“ဒီမှာ ငါပြောမယ်၊ လုပ်မယ့်လုပ်ရင် တစ်ခါတည်းသာ အပြတ်လုပ်တော့။ လွယ်အိတ်တစ် ခုလုံးတော့ ဘယ်ဟုတ်ပါ့မလဲဟဲ့။ အရေးကြီးတဲ့ အင်္ဂလိပ်စာ မှတ်စုတို့ပြန်ကူးဖို့မလွယ်တဲ့ သမိုင်း၊ ပထဝီ၊ မြန်မာစာမှတ်စုလိုဟာတွေပါအောင် တစ်ခါတည်း အပြီးခိုးတာကောင်းတယ်”

“အိုကေ....၊ မိကြောင် သိပ်တော်တယ်”

“ဘယ်သူယူမှာလဲ၊ ဘယ်အချိန်ယူမှာလဲ”

သူတို့တစ်တွေ ခေါင်းမူးအောင်စဉ်းစားကြသည်။ ဆရာမမိသွားမှာ လူသိသွားမှာ လည်းကြောက်ကြသည်။အထူးသဖြင့်ဆရာမက စာရိတ္တချိန်မှာ စိတ်ကောင်းရှိရန်၊ ခဏခဏဆုံးမ ထားတော့ သူတို့ကိုယ် သူတို့ စိတ်ယုတ်မာရှိသူများအဖြစ် လူသိမှာ အလွန်စိုးရိမ်ကြသည်။ ဒါပေမယ့်မကောင်းကြံရန်လည်း အားသန်နေကြသည်။အထူးသဖြင့် ပီတာပွကြီးက အပြစ်ပေါ်သွား မှာ စိုးရိမ်ဆုံးဖြစ်သည့်။ အတန်းထဲမှာ နာမည်ကြီးနေတာကတစ်မျိုး၊အတန်းသားများကို မုန့်ဝေပေး ပြီး ခဏခဏမုန့်ဝယ်ကျွေးပြီးသည့်နောက်ပိုင်းမှာ “ပွကြီး”တောင်အလိုလိုပြုတ်သွားပြီး

ဟိုလူက "ပီတာ" ဒီလူက"ပီတာ" ဖြစ်လာခဲ့၏ ။

"ပီတာက အရမ်းသဘောကောင်းတာ"

"သူများကို သိပ်ပြီးကျွေးချင်တာ" ဟုနာမည်ကောင်းတွေ ပျံ့သင်းနေတော့ အကြံဆိုးထဲမှာ ပီတာနာမည်ပါလို့မဖြစ်ပေ။ ဒါပေမယ့်မကောင်းကြံချင်သူတို့၏ ထိပ်ဖျားမှာလည်း ပီတာပင်ဖြစ်သည်။

ထို့ကြောင့်မုန့်လည်းများများကျွေး၊ အများနှင့်တည့်အောင်ရှုအောင်နေ၊ ရန်ဖြစ်တာတွေ အနိုင်ကျင့် တာတွေလည်း လျှော့၊ ကောင်းချင်ယောင်ဆောင်နေရ၏ ။

ကျောင်းပိတ်ရက်တွေလည်း တဖြည်းဖြည်းနှင့်နီးကပ်လာခဲ့သည်။ တစ်နေ့လုပ်မည်၊ တစ်နေ့ လုပ်မည်နှင့် တကယ်လုပ်တော့မည်ဆိုသောအခါ ဘယ်သူမှ ဟုတ်နိုးနိုးမလုပ်ရဲ၊ လုပ်ချင်စိတ်တွေ ကလည်း ပြင်းပြလှတော့ ပီတာပွကြီးက သူငယ်ချင်းများကို မုန့်များများဝယ်ကျွေးပြီး တွန်းအားပေး စကားများကိုကြိုးစား၍ ပြောရသည်။

"အရေးကြီးဆုံးကတော့ တို့လုပ်တဲ့လူတွေရော၊ မလုပ်တဲ့လူတွေရောညီညီညာညာရှိဖို့ပဲဟ။ ထားပါတော့ အတန်းထဲမှာ လူကမပြတ်ဘူး၊ ဝင်လိုက်ထွက်လိုက်နဲ့ရှိနေကြတာ၊ ဒါပေမယ့်စာအုပ် တွေကို ယူနေတာမြင်ပေမယ့် မပြောနဲ့၊ မပြောရုံကလေးပဲ နေပေး၊ အဲဒါဆိုရင် အလုပ်ဖြစ်တယ်"

"အေး ဟုတ်တယ်"

အားလုံးက ညီညီညာညာထောက်ခံ၏ ။ ကြုံကြိုက်၍ ပီတာကမာမီပြောပြထားဖူးသော ပုံပြင် ကလေးကိုသူငယ်ချင်းများအားမှတ်မိသမျှ ပြောထားသည်။ ပြောသာပြောရသော်လည်း ထိုပုံပြင်ကို သူနားမလည်ခဲ့ပေ။ နောက်ပြီးအိပ်ချင်မူးတူးနှင့်မို့စိတ်ထဲမှာ မှတ်မိတာလေးက"တို့လူလေးများ ဆို

သလေ”ဟု တစ်ယောက်ကတိုင်လျှင် နောက်ကလူတွေ “ဝေလေလေ”အော်တာလေးတစ်ခွန်းကို သာမှတ်မိနေသည်။

“ဘာမှန်းတော့မသိဘူးကွာ၊ ငါတို့မောင်နှမတွေ မာမီမသိအောင် တစ်ခုခု ခိုးလုပ်ခါနီး ဆိုရင် တော့ ငါတို့အစ်ကိုကြီးက“တို့လူလေးများ ဆိုသလေ” လို့ဆိုရင်တော့ ငါတို့က“ဝေလေလေ”လို့အော် ကြတယ်။ပြီးရင်လုပ်ကြတာပဲ။ ဟိုတစ်ခါလည်း မာမီက ငါတို့တီဗွီဂိမ်းကြီးကို ဖွက်ထားတော့ ကိုကြီး နဲ့ ငါတို့တစ်တွေ ခိုးပြီး ကြည့်ကြတယ်။ မာမီသိသွားတော့ ရိုက်ခံရရော”

“အင်း... ဒါဆို ငါတို့တော့ ဝေလေလေ မအော်ဘူး”

ဟုမိကြောင်က စဖောက်၏ ။

“နေပေါ့၊ နင့်ကို ကနေ့ကစပြီး မုန့်မကျွေးဘူး”

မိကြောင်က ဆာလောင်သောအချိန်မှာ “ငါဝေလေလေအော်မယ်”ဟုပန်းပေး၏ ။ နေ့တွေ ရက်တွေများစွာ “ဝေလေလေ”များကိုစုဆောင်းခဲ့ရသည်၊ ရသောမုန့်ဖိုးများလည်းမလောက်မငဖြစ် သည်။ အတန်းထဲမှာနေမကောင်း၍ ဆေးရုံတက်နေရတဲ့ထွန်းထွန်းအကြောင်းကိုပြောပြပြီး လူမမာ မေးရန်ဟုအကြောင်းပြကာ ပိုက်ဆံတောင်းရသေးသည်။ ထိုပိုက်ဆံကိုတော့ လိမ္မော်သီးများဝယ်ပြီး ထွန်းထွန်းကို မပေးဘဲ “ဝေလေလေ”အဖွဲ့ဝိုင်း၍ စားလိုက်ကြလေသည်။ စားသောက်ပြီးသော်လည်း လုပ်ငန်းကမစနိုင်ခဲ့ပေ။ သန့်စင်ဦးတစ်ယောက်ကလည်းအတန်းထဲမှာ မထွက်။ မကစားဘဲ သချာ တွက်လိုက်၊ ပထဝီပုံ ဆွဲလိုက်နှင့်သူ့ခုံမှာမြဲနေသည်။

ဒီလိုနဲ့ စားမေးပွဲဖြေရန် ခုံစီရမည့်နေ့သို့ရောက်လာခဲ့တော့သည်။

“ဒီနေ့တော့ မင်းတို့လုပ်ဖြစ်အောင် လုပ်ကြတော့”

ဟုပီတာကအပြတ်ပြောသည်။

ထိုရက်ပိုင်းမှာပင် ကျောင်းကြီးပိတ်ခါနီး တစ်နှစ်လုံးအတွက်ထူးချွန်သူများကိုကျောင်းအုပ်ဆ ရာမကြီးက ဆုပေးတော့ ဆုအများဆုံးရသောသူမှာ သန့်စင်ဦးဖြစ်နေပြန်သည်။ အားလုံးက သန့်စင်ဦးကို မနာလိုစိတ်တွေ ပို၍ ပွားမိကြပြန်သည်။ထို့ကြောင့်ပင် ပီတာပွကြီး၏ အမိန့်ကိုနာခံရန် စိတ်ပါလာကြသည်။ နောက်ပြီးတော့ ပီတာက နောက်ဆုံးကျောင်းတက်သောနေ့ အထိမ်းအမှတ်အ ဖြစ် တစ်တန်းလုံးကိုချိုချဉ်များဝေကာ လက်ဆောင်ပစ္စည်းများကို ကံစမ်းမဲ ဖောက်ပေးမှာလည်း ရှိ နေသည်။ ဝေလေလေများက ပီတာပွကြီးပျော်အောင် လှုပ်ရှားပေးရန်စိတ်ဓါတ်တွေ တက်ကြွနေကြ သည်။

ထိုအချိန်မှာ သန့်စင်ဦးထိုင်ခုံကို အမြဲစောင့်ကြည့်နေသော မိကြောင်က ရေးကြီးသုတ်ပျာနှင့် အပြေးအလွှားရောက်လာသည်။

“ဟေ့ လာကြဦး၊ သန့်စင်ဦးရဲ့ခုံထဲမှာ လွယ်အိတ်မရှိဘူး။ စာအုပ်တစ်အုပ်နဲ့ ခဲတံတစ်ချောင်းပဲ ရှိတယ်၊ စာအုပ်ကလည်း ဗလာစာအုပ်၊ ဘာမှရေးမထားဘူး၊

“သေချာလို့လား”

“သေချာတာပေါ့။ ငါ သေချာကြည့်လာတာ”

“ဒါ တစ်ယောက်ယောက်က သစ္စာဖောက်လို့ ဒီလိုဖြစ်တာ၊ဘယ်သူလဲ၊ ဘယ်သူသွားပြော လိုက်လို့လဲ”

ပီတာပွကြီး ဒေါပွသွား၏ ။ ထုံးစံအတိုင်း သူ့ခန္ဓာကိုယ်ကြီးကိုအားကိုးလျက် သစ္စာဖောက်များ ကိုတွေ့လျှင်အစိမ်းလိုက် ချိုးဖဲ့ပစ်မည့်ဟန်နှင့်မို့ အားလုံးငြိမ်နေကြသည်။

"ငါ တို့မပြောဘူး"

"ငါ တို့ကတော့ ဘာမှ မသိဘူးနော်"

အားလုံးက မျက်နှာငယ်ကလေးများဖြင့် ငြင်းကြ၏ ။ ပီတာပွကြီးတော့ ဒေါသမပြေနိုင်ပေ။ ကျောင်းတက်သွားတော့ ဆရာမဝင်လာသည်။ အရေးကြီးသော သင်္ချာပုစ္ဆာများကိုတွက်ခိုင်းပြီး နေ့လယ်ထမင်းစားကျောင်းတက်လျှင် ခုံစီမည်ဟုပြောသည်။ သန့်စင်ဦး ထုံးစံအတိုင်း သင်္ချာပုစ္ဆာ များကို ဦးစွာတွက်ပြီးသွား၍ ဆရာမကိုသွားပြသည်။

"ဟဲ့ သန့်စင်ဦး၊ ဒီနေ့မှ ဘာဖြစ်လို့ စာအုပ်အသစ်ထုတ်လာရတော့လဲ၊ သင်္ချာစာအုပ်ကုန်နေ ရင်လည်း တခြားစာအုပ်ထဲ ရေးပါလား၊ နောက်ဆုံးနေ့ကို စာအုပ်သစ်ကြီးနှမြောစရာ။

"ကျွန်တော်မှာ ဘာစာအုပ်မှ ပါမလာဘူး ဆရာမ"

"ဟဲ့ ဘာဖြစ်လို့ယူမလာတာလဲ"

"ကျွန်တော်စာအုပ်တွေကို ထွန်းထွန်းကို သွားပေးထားလိုက်ပြီ။ သူကဆေးရုံတက်နေရတာ ကြာပြီဆိုတော့ စာကူးဖို့အများကြီးလိုနေတာ။ ခုမှ စာမကူးနိုင်တော့ဘူးလေ။ ကျွန်တော် စာအားလုံး ရပြီဆရာမ၊ စာမေးပွဲဖြေမယ်နေ့တွေကျမှ ထွန်းထွန်းကို စာကူကျက်ပေးရင်း ပြန်နွှေးတော့မှာမို့ အကုန်လုံးသူကို သွားပေးလိုက်တာ"

ဆရာမက သန့်စင်ဦးခေါင်းကို ချစ်မြတ်နိုးစွာပွတ်သပ်၍ ချီးကျူးစကားတွေ တဖွဖွပြော၏ ။ အတန်းသို့လည်း စံပြ ဂုဏ်ယူစရာတွေ ဆက်တိုက်ပြောနေပြန်၏ ။ ပီတာပွကြီးတို့ ဝေလေလေအဖွဲ့ ကတော့ "တို့လူငယ်လေးများ ဆိုသလေ"လုပ်ရန် အားအင်များ လျှော့ပါးလျက်သစ်ရွက်ကြွေတွေလို ငြိမ်နေလိုက်ကြသည်။

**မဟေသီမဂ္ဂဇင်း၊ ဇွန်၊၁၉၉၇**

***

## ခြေနှစ်ချောင်းကိစ္စ

ဒီလိုဖြစ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူးလေ၊ စိတ်ချလက်ချ ယုံစားမိခဲ့တဲ့ အမှားတစ်ခုပါပဲ။

ပွတ်သပ်ချော့မြူတဲ့ လက်ဖဝါးနုနုတွေရဲ့ ပရိယာယ်ကို အနီရောင်ပလတ်စတစ်ဆွဲခြင်းထဲ ရောက်မှ သိရတဲ့အဖြစ်၊ ခြေနှစ်ချောင်းနဲ့ လက်နှစ်ချောင်းကို စွေ့ခနဲဖမ်းချုပ်ပြီး ကိုင်လိုက်တာများ ညင်သာလိုက်တာ။ ပါးစပါကလည်း သမီး…သမီးနဲ့။

"သမီးရယ် သွားတော့မယ်နော်"

လို့တိုးတိုးဖွဖွပြောလွှတ်လိုက်သေးရဲ့၊ ဘယ်လောက်ချိုသာတဲ့အသံနဲ့ပြောပြော၊ ဘယ်လို ညင်သာတဲ့ အထိအတွေ့နဲ့ ကိုင်ကိုင် နောက်ဆုံးတော့ ကျွန်မကို ဟောဒီအိမ်ကြီးမှာ မထားကြတော့ ဘူး၊ ဒါပဲမဟုတ်လား။

ကျွန်မက အိမ်မွေးသတ္တဝါ ဆိုပေမယ့် ကျွန်မကို သခင်က ရှာပြီးမွေးတာမဟုတ်ဘူး၊ ကျွန်မ က စိတ်ကြိုက် သခင်ရှာပြီးနေတဲ့ ကြောင်စားထဲကပါ။ ဒါကြောင့်လည်းကျွန်မမှာ နာမည်တွေအများ ကြီးရှိနေတာပေါ့။ လည်ဖြူတဲ့၊ စူပါကတ်တဲ့၊ မိပူတဲ့၊ နောက်ဆုံးတော့ "မိပူ"တဲ့လေ။

ကျွန်မတို့ မျိုးဆက်က ဘာအရောင်တွေရယ်လို့ မမှတ်မိပါဘူး၊ ကျွန်မရဲ့တစ်ကိုယ်လုံးက တော့အဝါပဲ၊ လည်ပင်းမှာ အဖြူကလေးပါလို့ "လည်ဖြူ"လို့ခေါ်ကြပါတယ်။ မွေးချင်း လေးကောင်ရှိ တယ်လို့လည်း ပြောကြတာပဲ။ အမေကလည်း ဘယ်သူမှန်းမသိ၊ ကျွန်မတို့ကိုမွေးပြီး နို့မခွဲခင်မှာ

ပျောက်သွားတာတဲ့။ ကြောင်သားစား လူယုတ်မာတွေရဲ့ လက်ချက်ဖြစ်မှာပေ့ါ။ အညိုအဟောက်ဆို ရွှံ့သလေးဘာလေးနဲ့ လူပါးစပ်ကမှ တကယ့်သားကောင် သင်္ချိုင်းစစ်စစ်၊ မြိုးမြိုးမြက်မြက်များစားရ မယ်ဆိုလို့ကတော့ မစာမနာ မညှာမတာ သတ်ရက်တယ်။သတ်ရဲတယ်။ အမေလည်းညမှာ အစာရှာထွက်ရင်း အစာဖြစ်သွားလို့ အိမ်ပြန်မရောက်တာနေမှာပေ့ါ။

ကျွန်မတို့ကို လူတွေက အိမ်မွေးသတ္တဝါလို့သတ်မှတ်ပြီး ချစ်စနိုးမွေးကြတယ်ဆိုပေမယ့် အဲ ဒီချစ်စနိုးထဲမှာ တခြားအရာတွေလည်းအရောအနှောနှော ပါနေတတ်ပါသေးတယ်။ ကြောင်တွေကို ကြွက်ငြိမ်အောင် မွေးတယ်လို့တော့ ပြောကြတာပါပဲ။ ဒါပေမယ့် ကြောင်အဖြူဆွတ်ဆွတ် မွေးတဲ့အိမ်မှာ လာဘ်ရွှင်တယ်ဆိုပြီး ကြောင်အဖြူကို "စီးပွားရေးကြောင်" လို့ခေါ်ကြတယ်။ တစ်ကိုယ်လုံးဘာအရောင်မှမနှောဘဲ အနက်ရောင်မှောင်မှောင်မည်းမည်း ကြောင်ကျပြန်တော့ အစွမ်းထက်လွန်းလို့ အဲဒီ ကြောင်မျိုးရှိရင် အိမ်မှာသူခိုးတောင် မကပ်ရဲဘူးဆိုလား။ အဝါ အဖြူ အနက် သုံးရောင်ခြယ်ကြောင်ကတော့အိမ်သာတယ်လို့ ဆိုကြပြန်တယ်။ လူတွေရဲ့ သတ်မှတ်ချက် တွေပေါ်မှာမူတည်ပြီးအရောင်အမျိုးမျိုးရှိတဲ့ကြောင်တွေရဲ့ဘဝ အနိမ့်အမြင့်ကွာခြားသွားရလေသ လားလို့လည်း တွေးမိပါရဲ့။ မီးခိုးရောင်၊ အပြာရောင်နဲ့ အရောင်မွဲမွဲကြောင်တွေကိုတော့ အိမ်ခိုက်တယ်၊ စီးပွားကျတယ်၊ ကျက်သရေမဲ့တယ်လို့ပြောကြတာပဲလေ။ အဲဒီ လို ပြောသံဆိုသံ တွေကိုကြားနေရရင်းနဲ့ပဲ ကျွန်မမတော့မွေးချင်း လေးကောင်ထဲမှာ "အမ"ဖြစ်ရတဲ့အတွက် ဘယ်သူ ကမှမလိုချင်လို့ အမေမွေးခဲ့တဲ့ အိမ်မှာ တစ်ကောင်ထဲကျန်ရစ်ခဲ့တယ်။

လူတွေရဲ့ အသိဉာဏ်ကို ကျွန်မ အံ့ဩချီးကျူးပါတယ်။ ကြောင်မွေးတာတောင် တွက်ကိန်းချ ပြီး မွေးတတ်တယ်။ "အမ"ဆိုရင် ကြောင်တစ်အိမ်လုံးနှံ့အောင် သောင်းကျန်းနေတဲ့ ကြွက်ကိုတော့

ကြောင်တစ်ကောင်တည်းနဲ့ နှိမ်နင်းစေချင်တယ်။

လူတွေ သတိမထားမိလို့ပါ။ကြောင်လောကမှာ အမနဲ့အထီးဆို "အမ"ကပိုစွမ်းတာ။ ကြောင် ထီးတွေများနည်းနည်းလေး အသက်ရလာပြီဆို ကျွေးသမျှအဂ‌ၤစားပြီး သိုးနေအောင်အိပ်၊ ဘယ်တော့မှကြွက်ဖမ်းတာမဟုတ်ဘူး၊ ညလည်ထွက်ဖို့တော့ ဘယ်ပျင်းလိမ့်မလဲ။ အိမ်မှာ ဖြစ်ချင်ရာ ဖြစ် ထားခဲ့ပြီး သံပြ၊ သံကွဲ၊ သံဝါ၊ သံကြောင်တွေနဲ့ အော်ဟစ်ရင်း ကိုက်ကြ ခုပ်ကြ လျှောက်လည်ကြတာ။ အထီးတွေရဲ့သဘာဂ ကြောင်ကာလ ညတွေဆို သူတို့အသံချည့်ပဲ။

အေးပါလေ။ ပြောလို့သာပြောရတာ ပါ။ ကျွန်မဘာဂအပြောင်းအလဲဆိုတာကလည်း အဲသည် ကြောင်ကာလ ညတွေက စခဲ့တာပါ။

ကျွန်မတို့အိမ်နားမှာ ကြောင်ထီး ဘယ်နှစ်ကောင်များရှိလို့လဲ။ အဖြူနဲ့ အနက်ကျား ကြောင် အိုကြီးတစ်ကောင်ရယ်၊ မွဲခြောက်ခြောက်ညောင်နာနာ တစ်ကောင်ရယ်။ အဝါနဲ့အနက်ဆင်း "ဖိုးရုပ် ဆိုး"ဆိုတဲ့ တစ်ကောင်ရယ်၊ ပေါက်ပေါက်ဆိုတဲ့ ကြောင်ဝါလေးရယ် ဒီလေးကောင်ပဲရှိတာ။ သူတို့ အားလုံးထဲမှာ ပေါက်ပေါက်မ အချောဆုံးပေါ့။ဒါပေမယ့် သူကသိပ်သတ္တိမရှိဘူး၊ အချင်းချင်းကိုက် ကြပြီဆိုရင် သူအရင်ဆုံးခံရတာ ပဲ။ ခံရမှာပေ့ါ၊ ကြောင်ထီးတို့တတ်အပ်တဲ့ အခုပ်၊ အကိုက်၊ အခုန်အပျံတွေကို သူမှမတတ်ပဲ။ ဘယ်တတ်မလဲလေ၊ သူ့ဘာဂက လူတစ်ပိုင်းကြောင်တစ်ပိုင်းလို့ တောင်ပြောလို့ရတယ်။ သူ့သခင်တွေက သူ့ကိုသိပ်ချစ်ကြတာ၊ ပေါက်ပေါက်ရဲ့ဘာဂကတော့ ကြောင် တန်းစား အမြင့်ဆုံးကပဲ။ ပေါက်ပေါက်ဟာကြောင်လိုမနေရပဲ လူလိုနေရတယ်။ အိပ်တော့လည်း လူ နဲ့အတူအိပ်ရတယ်။ အစာဆိုလည်း သူ့ကိုယ်ပိုင်ပန်းကန်နဲ့သူ၊ သူ့အတွက်ထမင်းကို ပုစွန်ခြောက်၊ ငါး၊ အသားအမျိုးမျိုးနဲ့ အမြဲနယ်ကျွေးတာ။ ပေါက်ပေါက်ကတော့ ထမင်းသိပ်မမက်ပါဘူး၊ နို့နဲ့ မုန့် အမျိုးမျိုးကြိုက်တဲ့ကောင်။ ကျွန်မကတော့ အားလုံးထဲမှာ ပေါက်ပေါက်ကို အထင်အကြီးဆုံးပဲ။ ည ညဆိုရင်

ပေါက်ပေါက်နဲ့အတူ လိုက်သွားပြီး အသားနဲ့ ငါးနဲ့တွေမွှေးနေတဲ့ ထမင်းကို စားရတာ အကြိုက်ဆုံးပဲ။ ကျွန်မပေါက်ပေါက်ကို ချစ်တယ်။ နောက်ပြီးပေါက်ပေါက်ရဲ့သခင်တွေကို လည်းချစ်တယ်။

ကျွန်မရဲ့အိမ်ကတော့ နေပျော်စရာ လုံးဝမကောင်းတဲ့အိမ်၊ ပေါက်ပေါက်ကို အစာကျွေးသ လောက် ကောင်းကောင်းမကျွေးတာ ထည့်ပြောမနေပါဘူး၊ အကြင်အနာကင်းမဲ့တာကို စိတ်ကုန် တာအဟုတ်။ အိမ်မှာကလေးများတယ်။ အဲဒီ ကလေးတွေဟာမျောက်သတ္တဝါတွေထက် ဆယ်ဆ လောက် အဆော့တန်တယ်လို့ထင်မိတာပါပဲ။ လူကြီးတွေကိုလည်း နည်းနည်းမှ မကြောက်ဘူး၊ တစ်အိမ်လုံးအနှံ့လျှောက်ဆော့၊ အားရရင် “လည်ဖြူ... လည်ဖြူ” မီ မီ မီ ဆိုပြီး ကျွန်မဘက်ကို လှည့်လာတော့တာပဲ။ အမြီးဆွဲ၊ ခေါင်းဆွဲ။ တစ်ခါတစ်လေ ကျွန်မကို ဝိုင်းချုပ်ထားပြီးနားရွက်လေး တွေကို ကတ်ကြေးနဲ့ညှပ်၊ နှုတ်ခမ်းမွေး၊ အမြီးဖျားတွေညှပ်၊ လူကြီးတွေကလည်းကြည့်ကောင်း ကောင်းနဲ့ကြည့်ပြီးရယ်လို့တောင်နေသေးတယ်။ အဆိုးဆုံးကတော့ကျွန်မကို ဘောလုံးလိုသဘော ထားပြီး “စူပါကတ်”ကွဆို ပစ်ကြတယ်လေ၊ တစ်ယောက်က ပစ်ပေးလိုက်. တစ်ယောက်ကဖမ်း၊ မိုက်မိတဲ့အခါမိ၊ ခြေဖျားလက်ဖျားမိတဲ့အခါမိ၊ ဘယ်လောက်နာမလဲ စဉ်းစားကြည့်။

ကလေးတွေ မတရားသဖြင့် ဆော့တာ ကစားတာကို တားရကောင်းမှန်းမသိဘဲ နာနာကျင် ကျင်နဲ့အော်တဲ့အသံကို နားထောင်ပြီး ရယ်နေတဲ့လူကြီးတွေကို ကျွန်မဘယ်လိုအားကိုးရမလဲ။အား ကိုးစရာကျွန်မမှာ ခြေသည်း လက်သည်းပဲရှိတာ။ ကြောင်လက်သည်းဆိုတာမလိုသေးရင်သာ ဂုက်ထားကြတာလေ၊ အရေးကြုံလာပြီဆိုဒီလက်သည်းနဲ့အတူ အစွမ်းသတ္တိတွေကို အသုံးချရမှာပဲ။ ဘယ်သူ့ကိုမှ မညှာနိုင်တော့ဘူး၊ ကျွန်မကိုထိတာနဲ့ ခုပ်ပြီးကိုက်ပြီးသားဖြစ်အောင် အစွမ်းပြလိုက် တယ်။ ဒီတော့ “ကြောင်မ သိပ်ရိုင်းတာပဲ နေ့ည ထမင်းကျွေးနေတာတောင် သခင်မှန်းမသိဘူး၊ ကြောင်ရိုင်းမ”

တဲ့။

မတရားကျီစားသန်ပြီး အကြင်အနာ တရားကင်းမဲ့တဲ့အိမ်ကို စွန့်ချင်စိတ်တွေ တဖွားဖွားပေါ် လာတော့တယ်။ ကျွန်မရဲ့ ဂမ်းကြာတိုက်ထဲမှာလည်း ကြောင်လောင်းကလေး ကိန်းအောင်းနေပြီဆို တော့ ကျွန်မရဲ့ကလေးတွေကို လူရိုင်းတွေရဲ့လက်ထဲမှာ မထားနိုင်ပါဘူး။ ရွှေ့ရေးကိုတွေးပြီး ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချလိုက်တယ်။ အိမ်ပြောင်းမှ ဖြစ်မယ်လို့။

ကျွန်မသခင်သစ် ရှာခဲ့တယ်။ အဲ့ဒီ သခင်သစ်ဟာဘယ်သူဖြစ်မလဲ။ ပေါက်ပေါက်ရဲ့သခင် တွေပဲပေ့ါ။ ကျွန်မပေါက်ပေါက်နောက်ကို အပြီးလိုက်လာခဲ့တော့တယ်။ ပေါက်ပေါက်ရဲ့သခင်တွေ ဟာကြောင်တော်တော်ချစ်ကြတာပဲ။ ကျွန်မကိုမောင်မထုတ်ဘူး။ အစာတွေ ကျွေးတယ်။ ပူစီ..ပူစီနဲ့ ခေါ်ပြီး အစာကျွေးတယ်။

“ကြောင်မကြီးကကိုယ်ဝန်ကြီးနဲ့ဟဲ့” လို့အိမ်ရှင်အမေကြီးက ပြောပြီးနေ့တိုင်း နို့မှုန့်ဖျော် တိုက်တယ်။ ကျွန်မအတွက်ကတော့ လောကနိဗ္ဗာန်ပါပဲလေ။

ကျွန်မအတွက်သာမကဘဲ ကျွန်မသမီးလေးတွေအတွက်လည်း ရွှေ့ရေးကောင်းမယ့်အိမ်ဖြစ် မယ်လို့ ကျွန်မမျှော်လင့်လိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအိမ်မှာကလေး မြေးငယ် မရှိဘူးလေ။ ကြောင် ချစ်တဲ့ အပျိုကြီးညီအစ်မသုံးယောက်နဲ့ အဖေ အမေဒါပဲ။ ဒါကြောင့်လည်းပေါက်ပေါက်က ကဲလို့ ချွဲလို့ကောင်းနေတာပေ့ါ။ ညဦးပိုင်း ဧည့်ခန်းမှာလူစုံစုံနဲ့ တီဗွီကြည့်နေပြီဆိုလျှင်သူကလူပေါ် တက်ပြီးထိုင်ရမှ၊ လူတွေတစ်ခုခုစားရင် သူပါရမှ၊ လူစားတာ မှန်သမျှ အကုန်လိုက်စားတဲ့ ကြောင် မျိုးဖျက်။ ဒါကြောင့်လည်း ပေါက်ပေါက်က ချူချာတာနေမှာ၊ သခင်တွေဆိုသူ့အတွက် မုန့်ဖိုးသာမက ဆေးဖိုးလည်းကုန်ရသေး၊ တိရစ္ဆာန်ဆရာဝန်နဲ့ပဆို အပေါင်းအသင်းကိုဖြစ်လို့။

ဒီလိုသခင်မျိုး ရှားပါတယ်။ ကြောင်ဆေးကုတာတောင် မျိုးစုံအောင်ကုပြီး ဂရုစိုက်တာ။ ကျွန်မတို့နေမကောင်းရင် မြေကြီးပေါက်နေတဲ့ မြက်ပင်၊ သစ်ပင်တွေကြားက “ကြောင်ရိုးသေ” ပင် ဆိုတာကို ရှာပြီးစားလေ့ရှိကြတာလည်း သူတို့သိလေရဲ့။ အဲဒီ ကြောင်ရိုးသေပင်ကိုလည်းရှာပြီး ကျွေး တယ်။ ပရုတ်လုံးကို အမှုန့်ကြိတ်၊ ကိုယ်ပေါ်မှာ ဖြူးပြီးသန်းချပေးတယ်။ တစ်လတစ်ခါလောက် အမွေးချောအောင် သံပုရာရည်နဲ့ ပွတ်ပေးတယ်။ ကဲ ဘာလိုသေးသလဲ။

ကျွန်မသမီးလေး မွေးတဲ့နေ့ကများဆို သခင်တွေကို ဘယ်လိုကျေးဇူးတင်မှန်း မသိဘူး၊ ပထမဆုံးကလေး မဟုတ်လား၊ အတွေ့အကြုံမရှိတော့ မမွေးတတ်ဘူး၊ ဗိုက်ကလည်း အရမ်းနာ၊ ကျွန်မအော်ဟစ်ပြီး ညည်းတဲ့အခါ အိမ်ရှင်အပျိုကြီးတွေဆို ပျာနေတာပဲ။ အမေကြီးကလည်းလူတွေ မွေးဖွားရင် ရွတ်ရတဲ့ဂါထာဆိုလား၊ မသိပါဘူး၊ ရေခွက်မှာရွတ်ပြီး အဲဒီ ရေနဲ့ ကျွန်မရဲ့ဦးခေါင်း၊ ဝမ်းဗိုက်တွေကိုသပ်ပေး၊ အဲဒီ ရေထဲမှာ ဂွမ်းစလေးစိမ်ပြီး ကျွန်မရဲ့ပါးစပ်ထဲကို ညှစ်ချပေး၊ ဒီလိုပြုစု ရင်း ကျွန်မရဲ့သမီးလေးကို သခင်တွေရဲ့လက်ပေါ်မှာပဲ မွေးခဲ့တယ်။ ဖြူဖြူဖွေးဖွေး အမွေးပွပွကလေး နဲ့ အဝါကွက်လေး အနည်းငယ်ပါတဲ့ မျက်လုံးမည်းမည်း ကြောင်ပေါက်မလေးဟာ “မီကီ” ဆိုတဲ့နာ မည်နဲ့ ကြီးပွားနေတာပေ့ါလေ၊ ကျွန်မရဲ့နာမည်ကို တော့ “မိပူစီ” လို့ခေါ်ရှည်တယ်လို့ထင်ပါရဲ့။ “မိပူ” တဲ့လေ။

ကျွန်မအတွက်ကတော့ အပူသောကတွေ ဆက်တိုက်ဆိုသလိုတွေ့ရရောပဲ။ ပထမဆုံးအပူ ကပေါက်ပေါက်အတွက်။ ထုံးစံအတိုင်း ပေါက်ပေါက်က ညအလည်ထွက်တော့ လူယုတ်မာတွေ ထောင်ထားတဲ့ထောင်ချောက်မှာ မိတယ်။ ကြောင်ကိုထောင်တဲ့လူတွေကဘယ်ရောက်နေလဲမသိ ပါဘူး၊ ပေါက်ပေါက်နားမှာ ဘယ်သူမှမရှိဘူး၊ ပေါက်ပေါက် ငယ်သံပါအောင် အော်တာ။ ကျွန်မလည်း

ရုတ်တရက်ဘာလုပ်ရမှန်းမသိတော့ လန့်ဖျပ်ပြီးနီးရာသစ်ပင်ပေါ်
တက်ပြေးမိတာပေါ့။ ကျွန်မကံကောင်းသွားတယ်။
ပေါက်ပေါက်ရဲ့အသံကိုကြားတော့ ခွေးတွေပြေးလာကြတယ်။ ဝိုင်းပြီး ဟောင်ကြ၊ ကိုက်ကြ၊ ဟိုကဆွဲ၊ ဒီကဆွဲ အို..မြင်ရက်စရာမရှိတော့ဘူး၊
ပေါက်ပေါက်ရဲ့သခင်တွေသိ ရင်ကျိုးရှာမှာ။ ကျွန်မလည်းသူတို့နားလည်အောင် ဘာမှပြန်မပြောတတ်။ သူတို့ကတော့ပေါက် ပေါက် အလည်လွန်တယ် အောက်မေ့ပြီး ခုထိမျှော်နေကြတုန်းပဲ။ ငရုတ်ဆုံ ပြောင်းပြန်ထောင်းတာ တို့ ထမင်းအိုးမှောက်တဲ့ယောင်းမ နောက်ပြန်ခေါက်လို့ “ပေါက်ပေါက်ရေ ပြန်လာ ပြန်လာတဲ့”။

နောက်အပူတစ်ခုကတော့ ကျွန်မတို့ရဲ့ သခင်အမေကြီး
နေမကောင်းလို့ဆေးရုံတက်ရတဲ့ ကိစ္စပေါ့။ အဲဒီ အချိန်ဟာ
ကျွန်မတို့သားအမိအတွက် စိတ်အဆင်းရဲဆုံးပေါ့။ အိမ်ကြီးတစ်ခုလုံးလဲ
သိပ်စိတ်ငြိမ်သပ်လို့ ဆေးရုံစောင့်တဲ့လူကစောင့်။ ဆေးဝယ်တဲ့လူကဝယ်။
အမေကြီးအတွက် ချက် ပြုတ်ပြေးလွှားနေကြတာနဲ့ တစ်အိမ်လုံးလည်း
အလုပ်တွေကို ရှုပ်နေကြတာပါပဲ။အဲဒီ ကြားထဲ ဟိုနား ကဖေဒင်ကောင်းတယ်ဆို
ပြေးမေးလိုက်ကြ။ ယတြာချေလိုက်ကြ။ တစ်အိမ်လုံး မအားမလပ်ဖြစ်နေ တော့
ကျွန်မတို့သားအမိ ထမင်းနပ်မှန် မစားရတော့ဘူးလေ။

လူတွေ ပြောပြောနေကြတဲ့ “ကြောင်ဆိုတာ
လူဒဏ်မခံဘူး”ဆိုတာဒါပဲဖြစ်မှာလို့တွေးမိ တယ်။ အစာမရှိတဲ့ နေရာကို
စွန့်ပြီးအစာရှိတဲ့နေရာကိုပြောင်းရတဲ့သဘာပါပဲလေ။ ကျွန်မတို့သားအ မိကတော့
အစာမမင်ခဲ့ပါဘူး၊ လူ့ဒဏ်ကို လည်းခံနိုင်အောင် ခံခဲ့ပါသည်။လူမရှိလို့ ထွက်ပြီး
သောင်း ကျန်းနေကြတဲ့ ကြွက်ကိုတောင် နှိမ်နင်းလိုက်ကြသေး။ သမီးကိုလည်းခုမှပဲ
အစာရှာနည်း အဖမ်း အခုပ် သင်ရတော့တာပေါ့။ ဒါပေမယ့် ကျွန်မတို့သားအမိ
မပျော်ကြပါဘူး။ မိသားစုအားလုံးကျန်း ကျန်းမာမာရှိမှ

အိမ်သာယာတာမဟုတ်လား၊ သာသာယာယာမရှိပေမယ့်လည်း ဘယ်မှ နေရာသစ်ရှာဖို့ စိတ်မကူးခဲ့ပါဘူး။ အစာငတ်ပေမယ့် ကျေးဇူးရှိခဲ့ဖူးတဲ့ သခင်တွေကို မစွန့်ခွာရက်ပါဘူး၊ ဒါတွေ ဟာသခင်တွေပေါ်ထားတဲ့ ကျွန်မတို့သားအမိရဲ့ မေတ္တာတရားပေ့ါနော်။ လူတွေနားလည်အောင် တော့ ဘယ်ပြောပြတတ်ပါ့မလဲ။ ကျွန်မတို့ရဲ့ အတတ်နိုင်ဆုံးအလုပ်က သခင်တွေရဲ့ခြေထောက်ကို ကျွန်မတို့ရဲ့ ဦးခေါင်းနဲ့ တိုက်ပြီး တိုးဖွဲ့ပွတ်သပ်ရင်းနဲ့ သာယာတဲ့အသံနဲ့ အော်မြည်ပြီး အမြီးကလေး ကိုလှုပ်ပြရုံပဲ တတ်နိုင်ခဲ့တာ။ ကျွန်မတို့ကိုသခင်တွေက အပြည့်အဝ နားမလည်နိုင်ခဲ့သလို ကျွန်မတို့ကလည်းသခင်တွေပေါ်မှာ ဘယ်လိုမှ နားလည်လို့မရတော့ဘူးလေ။

ကျိတ်ကျိတ်ကျိတ်ကျိတ်နဲ့ပြောနေကြကတည်းက တစ်ခုခုတော့ ဖြစ်မှာပဲလို့ စိတ်ထဲမှာထင် တော့အထင်သား။ အဲဒီ တစ်ခုခုဟာ ကျွန်မတို့နဲ့ တိုက်ဆိုင်နေမယ်လို့မသိခဲ့ရလို့ပေ့ါ။

ခြေနှစ်ချောင်းနဲ့ လက်နှစ်ချောင်းကို ဆတ်ခနဲ ဖမ်းချုပ်ပြီး ပလတ်စတစ်ဆွဲခြင်းထဲကိုစွပ်ခနဲ ထည့်လိုက်တာများ ဘယ်လိုမြန်မှန်းမသိဘူး၊ ကျဉ်းကျဉ်းကျပ်ကျပ် အနေခက်လို့ ပတ်ဝန်းကျင်ကို အသေအချာကြည့်လိုက်တော့မှ သခင်အိမ်မှာ အဝတ်လျှော်တဲ့ မိန်းမကြီးသားအမိ၊ ရေးကြီးခွင်ချယ် မျက်နှာထားတွေနဲ့ သူတို့က တွင်ကျယ်နေလိုက်ကြတာ။ ဘယ်သူ့ကိုဖြစ်ဖြစ် ပိုပိုလျှံလျှံ ပေးတတ် ကျွေးတတ်တဲ့ သခင်အတွက်ဆို စေလိုရာစေဆိုတဲ့ ဟန်အပြည့်နဲ့။ ခုလည်းသူတို့သားအမိ မျက်နှာ လိုအားရ ပျာယာခတ်နေတာကြည့်ပါလား။

“ကြောင်မကြီးကနို့ခွဲပြီ မဟုတ်လား၊ အစ်မတို့အိမ်က ကျွေးပုံမျိုးနဲ့ဆို ကြောင်ကလေးနို့မ မျက်ပါဘူး” တဲ့။

“နောက်တော့မှ အစာကောင်းကျွေးပြီး မွေးရတော့မှာပဲ။ မတတ်နိုင်ဘူး။ မေမေ့အတွက်က အရေးကြီးတယ်။ ယတြာပေးတာ ဒီနေ့ကိုလွှတ်ရမှာ၊

ဒီခြေလေးချောင်းလွှတ်ပြီး ဆုတောင်းမှ ခြေ နှစ်ချောင်းမြဲမှာဆိုတော့
မေမေကလည်းနေ့မကူးခင်လုပ်ဖို့ ခဏခဏ သတိပေးနေတယ်။
ကဲ..ကဲခေါ်သွားတော့၊ တောင်အရပ်ကိုနော်။ ကျွန်မတို့
ဒီကနေပြီးဆုတောင်းထားလိုက်မယ် ဟုတ် လား”တဲ့။

အဝတ်လျှော်တဲ့မိန်းမကြီး သားအမိက ကျွန်မကို
မည်းမှောင်အိုဟောင်းနေတဲ့ ဘုန်းကြီး ကျောင်းထဲမှာ “ခုနှစ်ရက် သားသမီးများ
မိသားစု မခွဲခွာရအောင် ခြေနှစ်ချောင်းအစား ခြေလေးချောင်း လွှတ်ပါတယ်။
အသက်ဘေးမှ ကင်းဝေးပါစေ”လို့ဆုအခါခါတောင်းပြီး ချထားခဲ့ကြ တယ်။

ကြွက်မျိုးစုံပေါတဲ့ ဒီနေရာမှာ ကျွန်မဝမ်းရေးအတွက်
လက်သည်းခြေသည်းတွေကို အသုံးချလို့ ရနိုင်ပါတယ်။ အစာအတွက် ကျွန်မ
မပူပါဘူး။

ကျွန်မပူတာ သမီးအတွက်ပဲ။ လူတွေက
အစာကောင်းတွေဘယ်လောက်ပဲကျွေးကျွေး (သွားထက်ထက်တွေနဲ့ ငုံပြီးစို့လို့
နာတဲ့အခါ)ဂီးဂီးနဲ့ မာန်ဖီအော်ငေါက်နေတဲ့ကြားက နို့ကလေးတစ်
စက်ကိုအငမ်းမရစို့ရမှ အာသာပြေတတ်တဲ့ သမီးကလေး မီကီအတွက်ပဲ
ပူနေမိတယ်။ သမီးအတွက် အဖော်ဆိုလို့ကျွန်မပဲရှိတာ။ အမြီးလှုပ်ပေးမှ
ခုန်ပေါက်ပြေးလွှားဆော့ကစားတတ်တဲ့ သမီးလေး၊ ကြွက်သေးသေးလေး
ခုပ်ပေးတဲ့အခါ အငမ်းမရ ချီပြေးပြီး ဆော့ကစားပျော်ပါးနေတဲ့ သမီးကလေးကို
ကျွန်မတွေ့ချင်နေပါတယ်။ “အမေကိုသိပ်ချစ်တဲ့သမီးတွေနဲ့ သမီးတွေကို သိပ်ချစ် တဲ့
အမေ”ကျွန်မရဲ့သခင်တွေကို နားလည်အောင်
ဘယ်လိုဘာသာစကားနဲ့များပြောပြရမလဲ။ တိရစ္ဆာန်သားအမိ အပြန်အလှန်
မှီတွယ်နေတဲ့ သံယောဇဉ်အကြောင်းကိုလေ။ ကျွန်မ“ရင်ပူ”တဲ့ အဓိကအကြောင်းက
သူတို့အတွက် သာမည ဖြစ်နေရင်တောင်လည်း ရက်စက်တဲ့ သူတွေကို
ခွင့်လွှတ်လိုက်ရုံပေါ့နော်။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၉၃

***